မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်းထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၄ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇူလိုင် ၁၃ ရက်၊ သောကြာနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၈၁)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မွန်တီနီဂရိုးနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၁၃

၂၀၀၇ခုနှစ် ဇူလိုင် ၁၃ ရက်တွင် ကျရောက်သည့် မွန်တီနီဂရိုးသမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ မွန်တီနီဂရိုးသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဖိလစ်ဗူဂျာနိုဗစ်(ချ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

မိုးစပါး၊ နွေစပါးအပါအဝင် သီးနှံ ၁၀ မျိုး လျာထားချက်ပြည့်မီကျော်လွန်အောင် စိုက်ပျိုး သုံးသီးစိုက်နယ်မြေများ သတ်မှတ်စိုက်ကော လျော့နည်းမှုမရှိစေရေး စီမံဆောင်ရွက် ဆီထွက်သီးနှံကောများ တိုးတက်စိုက်ပျိုးပြီး စားသုံးဆီဖူလုံပိုလျှံအောင် ထုတ်လုပ်

ကြည့်ရှုအားပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း လက်ပံတန်းမြို့နယ် ကျေးနီကျေးရွာတွင် ကျင်းပသည့် ၂၀၀၇-၂၀၀၈ ခုနှစ် လက်ပံတန်းမြို့နယ် မိုးစပါး စုပေါင်းစိုက်ပျိုးပွဲတွင် ကောက်စိုက်သမများ စုပေါင်းကောက်စိုက်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၁၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိန်မြင့်၊ အင်းမတပ်နယ်မှ ဗိုလ်မှူးကြီးမောင်မောင်အေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၁၁ ရက် နံနက် ၁၀ နာရီတွင် မော်တော်ယာဉ်များဖြင့် သာယာဝတီမြို့နယ် ဘိုကြီးကုန်းကျေးရွာသို့ ရောက်ရှိကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

မြန်မာ့အလင်း

ဆောင်းပါး အညွှန်း

အမျိုးသားအကျိုးစီးပွားအတွက် တစ်မျိုးသားလုံးညီညွတ်ကြပါစို့

ဒေါ်စုကြည်သည် မိမိဖခင်ကို ရက်စက်စွာလုပ်ကြံသတ်ဖြတ်ခဲ့သော ဦးစောကဲ့သို့ တိုင်းတစ်ပါးလက်ပါးစေဘဝ ရောက်နေသည်ကို ယခုလို အာဇာနည်နေ့ အချိန်ကာလမျိုးတွင် သိရှိနောင်တသံဝေဂရပြီး ထိုဘဝမှ အမြန်ဆုံး ရုန်းထွက်ရန်လိုပါသည်။ ဒေါ်စုကြည်နှင့် NLD တို့သည် အမျိုးသားညီညွတ်ရေးနှင့် အမျိုးသားအကျိုးစီးပွားအတွက် နိုင်ငံတော်အစိုးရ၊ မြန်မာပြည်သူတို့နှင့် ခြွင်းချက်မရှိ အမြန်ဆုံးလက်တွဲ ပူးပေါင်းဆောင်ရွက်သင့်ပါသည်။ မြန်မာတစ်မျိုးသားလုံး၏ အမျိုးသားအကျိုးစီးပွားအတွက် မြန်မာတစ်မျိုးသားလုံး ညီညွတ်ကြရန် မြန်မာပြည်သူတစ်ရပ်လုံးက လိုလားနေကြပါသည်။ အမျိုးသားအကျိုးစီးပွားအတွက် တစ်မျိုးသားလုံး ညီညွတ်ကြပါလျှင် ကျွန်တော်တို့ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးသည် စီးပွားရေး တစ်ရှိန်ထိုး ဖွံ့ဖြိုးတိုးတက်လာပြီး ယခုတွေ့ကြုံနေရသော လူမှုစီးပွားအခက်အခဲ အကျပ်အတည်းပေါင်းစုံမှ လွတ်မြောက်နိုင်လိမ့်မည်ဟု မြန်မာပြည်သူတစ်ရပ်လုံးက ယုံကြည်မျှော်လင့်လျက်ရှိပါသည်။

ငါးမင်းဆွေ၏ ဆောင်းပါး (စာ ၈-၉) တွင် ဖတ်ရှုနိုင်ပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ အာဘော်
(၂၀၀၇ ခုနှစ်၊ ဇူလိုင် ၁၃ ရက်)

နိုင်ငံ့စီးပွား ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး ကုန်ထုတ်လုပ်မှု တိုးတက်အောင်ဆောင်ရွက်

နိုင်ငံတော်အစိုးရသည် ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေးဟူသည့် စီးပွားရေး ဦးတည်ချက်နှင့်အညီ တိုင်းရင်းသားလုပ်ငန်းရှင်များအား ကူညီပံ့ပိုးပေးနေသည်။ ပို့ကုန်သွင်းကုန် မူဝါဒကို စနစ်တကျကျင့်သုံးလျက် ပို့ကုန်လုပ်ငန်းများ ကျယ်ပြန့်စွာဆောင်ရွက်နိုင်စေရန် အားပေးလျက် ရှိသည်။

နိုင်ငံတစ်ဝန်းရှိ မြေလွတ်မြေရိုင်းများ ဖော်ထုတ်၍ စပါးအပါအဝင် အဓိကသီးနှံ၁၀မျိုး၊ ဆီထွက်သီးနှံ၊ နှစ်ရှည်သီးနှံ၊ အမယ်သစ်သီးနှံနှင့် အခြားသီးနှံများကို တိုးချဲ့စိုက်ပျိုးထုတ်လုပ် စေလျက်ရှိသည်။ တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် စိုက်ပျိုးမွေးမြူသူများက ပြည်ပပို့ကုန်သီးနှံများ စိုက်ပျိုးထုတ်လုပ်ခြင်း၊ မွေးမြူရေးတိရစ္ဆာန်များနှင့် ရေထွက်ပစ္စည်းထုတ်လုပ်ခြင်း လုပ်ငန်းများကို အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက် ရှိကြသည်။

ကုန်ထုတ်လုပ်မှုတိုးတက်မှ စီးပွားရေးဖွံ့ဖြိုးတိုးတက်မည် ဖြစ်သည်။ အရင်းအနှီးရှိသည့် တိုင်းရင်းသား လုပ်ငန်းရှင်များအနေဖြင့်လည်း ဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍများ၌ရော ကုန်ထုတ်လုပ်မှုကဏ္ဍများ၌ပါ တိုးချဲ့ရင်းနှီးမြှုပ်နှံကြရန် လိုအပ်သည်။

ယင်းသို့ဆောင်ရွက်ရာ၌ တစ်ဦးချင်း၊ တစ်ဖွဲ့ချင်းအတွက်သာမက နိုင်ငံတော်အတွက်ပါ အကျိုးဖြစ်ထွန်းမည့် စီးပွားရေးလုပ်ငန်းများကို စနစ်တကျ လုပ်ကိုင်သွားကြရမည် ဖြစ်သည်။

တိုင်းရင်းသား လုပ်ငန်းရှင်များအနေဖြင့် ပြည်ပပို့ကုန်များ တိုးချဲ့တင်ပို့နိုင်ရေး၊ နိုင်ငံခြား သုံးငွေတိုးတက်ရရှိရေး ကြိုးပမ်းကြရမည်ဖြစ်သကဲ့သို့ ပြည်ပမှ ပစ္စည်းများအပေါ် မှီခိုအားထား နေရမှုမှလျော့နည်းစေပြီး ကိုယ်ပိုင်ရပ်တည်နိုင်စေရန် သွင်းကုန်အစားထိုး လုပ်ငန်းများကိုလည်း တိုးချဲ့လုပ်ကိုင် သွားကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ပံ့ပိုးမှုဖြင့် တိုင်းရင်းသားလုပ်ငန်းရှင်များက ကုန်ထုတ်လုပ်မှု တိုးတက်ရေး၊ ပို့ကုန်များ တိုးချဲ့တင်ပို့ရေး၊ သွင်းကုန်များ အစားထိုးနိုင်ရေး၊ အလေအလွင့် အဆုံးအရှုံး လျော့နည်းရေးနှင့် ခြိုးခြံချွေတာရေးတို့ကို ဟန်ချက်ညီညီ ဖော်ဆောင်ကြခြင်းဖြင့် နိုင်ငံ့စီးပွား ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဦးသိန်းမောင်အား ရည်စူး၍ ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် (၄)ရပ်ကွက် အေးရိပ်မွန်အိမ်ရာနေ ဒေါ်ဆန်းညွန့်က ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ၁၀၀၀၀၀ကို အနုနာယက ဆရာတော်ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

လှူဒါန်း

မလေးရှားနိုင်ငံ ပီနန်မြို့မှ သီလရှင်ဆရာလေး Yew Chean Choon နှင့် မိတ်ဆွေများက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် အလှူငွေကျပ် ၃၈၂၂၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၁) ဦးညွန့် လက်ခံယူစဉ်။ (က-ပ)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လှိုင်မြို့နယ်၌ လူထုလှုပ်ရှားမှုဖြင့် ဆောင်ရွက်

ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၁၂

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနတို့ ပူးပေါင်းစီစဉ်မှုဖြင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လူထုလှုပ်ရှားမှုဖြင့် စုပေါင်းဆောင်ရွက်မှုကို ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်၌ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု စစ်ဆေးအားပေးကြသည်။

မှာကြား

ရှေးဦးစွာ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါအား လှိုင်မြို့နယ် မြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ရုံးခန်းမ၌ တာဝန်ရှိသူများက လှိုင်မြို့နယ်နှင့် ရန်ကုန်တိုင်းရှိ မြို့နယ်များ၌ သွေးလွန်တုပ်ကွေးရောဂါ လအလိုက်၊ နှစ်အလိုက်၊ အသက်အရွယ် အပိုင်း

ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ လှိုင်မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးပြီး ရပ်ကွက်နေ ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။ (မြို့တော်စည်ပင်)

အခြားအလိုက် ဖြစ်ပွားခဲ့မှုနှင့် ရောဂါ ကာကွယ်တားဆီးရေး လုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယမြို့တော်ဝန်က သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်သွားကြရန် မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

လိုက်လံကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် လှိုင်မြို့နယ် အမှတ်(၁၀)ရပ်ကွက် ဓမ္မာရုံလမ်းတို့၌ ပြည်သူများ စုပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လုပ်ငန်းများ၊ ဖုံး၊ သွန်၊ လဲ၊ စစ် စနစ်ကျင့်သုံးရေး ပညာပေးသရုပ်ပြခြင်း၊ ခြင်ထောင်စိမ်ဆေးပြား သုံးစွဲနည်း လက်တွေ့ သရုပ်ပြ ဆောင်ရွက်ခြင်းများကို လိုက်လံကြည့်ရှု စစ်ဆေးပြီး ရပ်ကွက်နေ ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

တစ်ပြိုင်တည်းပြုလုပ်

အလားတူ သွေးလွန်တုပ်ကွေးရောဂါကာကွယ်တားဆီးရေး လူထုလှုပ်ရှားမှုဖြင့်စုပေါင်းဆောင်ရွက်ခြင်းများကို သာကေတ၊ ပုဇွန်တောင်၊ ကမာရွတ်၊ မင်္ဂလာဒုံနှင့် မင်္ဂလာတောင်ညွန့်မြို့နယ်များ၌လည်း ယမန်နေ့ နံနက်ပိုင်းက တစ်ပြိုင်တည်း ပြုလုပ်ခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီ ရုပ်မြင်သံကြား

၁၃-၇-၂၀၀၇
(သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	လက်စွမ်းပြပဟန်ဂီတသံ
၄:၁၅	၄။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၅	၅။	နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၅၅	၆။	မျိုးချစ်တပ်မတော်
၅:၂၅	၇။	အလွမ်းတေးပန်းချီချစ်သူဆီ
၅:၃၅	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။	နိုင်ငံတကာသတင်း
၆:၂၅	၁၁။	အမျိုးသားရေးတေးကဗျာ
၆:၄၀	၁၂။	စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆:၄၅	၁၃။	လျှပ်တစ်ပြက်
၇:၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မြင်မြင်ချင်းပဲကွယ်** (အပိုင်း-၁၁)
၈:၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	စိုက်ပျိုးသုတ
	၁၉။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သိုင်းလောကမုန်တိုင်း** (ဒုတိယတွဲ) (အပိုင်း-၁၄)

✻ ရှေ့ဖုံးမှ

ရှင်းလင်းပြသ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဘိုကြီးကုန်း ကျေးရွာ အသေးစားရေအားလျှပ်စစ် တည်ဆောက်ထားမှုကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၉)မှ ညွှန်ကြားရေးမှူး ဦးကျော်မြင့်လှိုင်က ကျေးလက်မီးလင်းရေးအတွက် နမူနာပြသည့်အနေဖြင့် ရေအားလျှပ်စစ် ထုတ်ယူရရှိရန် တာဘိုဂျင်နရေတာ စက်တပ်ဆင် တည်ဆောက်ထားမှု၊ ဓာတ်အားထုတ်လုပ်နိုင်မှုနှင့် ဖြန့်ဝေပေးနိုင်မည့်အခြေအနေတို့ကို ရှင်းလင်းပြသသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တာဘိုဂျင်နရေတာ စက်တပ်ဆင်လည်ပတ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာပြည်သူများနှင့် တွေ့ဆုံကာ မိမိတို့ကျေးရွာများ လျှပ်စစ်မီးလင်းရေးအတွက် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၉)နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများထံမှ ပံ့ပိုးကူညီမှုကိုရယူလျက် ကျေးရွာအနီး ရေစီးရေလာကောင်းသော ချောင်းများ၊ ဆည်မြောင်းများရှိသည့်နေရာများတွင် ပြည်သူများ စုပေါင်း၍ ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်များ တစ်ရွာပြီးတစ်ရွာ ကြိုးပမ်းတည်ဆောက်သွားကြရန် မှာကြားသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် ကျေးရွာအတွင်း ပြည်သူများ လျှပ်စစ်မီး ရရှိအသုံးပြုနေမှု အခြေအနေကို လှည့်လည်ကြည့်ရှုကြသည်။

ဘိုကြီးကုန်းကျေးရွာ ရေအားလျှပ်စစ် သုံးကီလိုဝပ်စက်နှစ်လုံးမှ လျှပ်စစ်ဓာတ်အား ခြောက်ကီလိုဝပ် ထုတ်ယူနိုင်ပြီး မီးချောင်း ၃၀၀ကို လျှပ်စစ်ဓာတ်အား ပေးဝေနိုင်ကြောင်းနှင့် လောလောဆယ်တွင် မီးချောင်း၈၀နှင့် ရုပ်မြင်သံကြားစက်တစ်လုံးအတွက် အသုံးပြုနေကြောင်း သိရသည်။

တွေ့ဆုံ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် သာယာဝတီမြို့သို့ ရောက်ရှိကြပြီး ဆရာစံခန်းမ၌ ခရိုင်နှင့်မြို့နယ် ဌာနဆိုင်ရာများ၊လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိ ရပ်ဖများနှင့် တွေ့ဆုံကြသည်။

ရှေးဦးစွာ သာယာဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ခိုင်စိုးက ခရိုင်အတွင်း ပါဝင်သောမြို့နယ်များ၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီမံကိန်းဝင် သီးနှံများ စိုက်ပျိုးဆောင်ရွက်နိုင်မှု၊ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

စနစ်တကျစီမံဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက သာယာဝတီခရိုင်အတွင်း မိုးစပါး၊ နွေစပါးအပါအဝင် အဓိကသီးနှံ ၁၀ မျိုးကို လျာထားချက်ပြည့်မီကျော်လွန်အောင် စိုက်ပျိုးရန်လိုကြောင်း၊ မိုးစပါး၊ ပဲ၊ နွေစပါး သုံးသီး စိုက်နယ်မြေများတွင် သီးနှံအလိုက် သတ်မှတ်စိုက်ဧက လျော့နည်းမှုမရှိစေရန် ဟန်ချက်ညီညီ စိုက်ပျိုးလုပ်ကိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက စနစ်တကျ စီမံဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ ထို့အပြင် သာယာဝတီနယ်မြေတွင် စိုက်ပျိုးဖြစ်ထွန်းနေသည့် ရော်ဘာကို ရည်မှန်းထားသည့်အတိုင်း ဧကတစ်သောင်းအထိ တိုးတက်စိုက်ပျိုးနိုင်အောင် တောင်သူများ ရော်ဘာလုပ်ငန်းရှင်များအား စည်းရုံးခြင်း၊ စိုက်ပျိုးမည့်သူများအတွက် စိုက်ပျိုးမြေနှင့် မျိုးကောင်းများ ရရှိအောင် ဆောင်ရွက်ပေးခြင်း၊ သိပ္ပံနည်းကျ စိုက်ပျိုးရေးပညာပေးခြင်း စသည့် ပံ့ပိုးမှုများ ပေးရမည်ဖြစ်ကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက် စေရန်အတွက် နိုင်ငံတော်က အခြေခံကောင်းများကို ဖန်တီးပေးထားပြီးဖြစ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေး အခြေခံဖြစ်သော လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အဓိက လုပ်ကိုင်နေသည့် ကျေးလက်ဒေသများ၏ တိုးတက်ဖွံ့ဖြိုးရေးသည် နိုင်ငံ၏ တိုးတက်ဖွံ့ဖြိုးရေးပင် ဖြစ်ကြောင်း၊ ထို့ကြောင့် ချမှတ်ပေးထားသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် စီမံကိန်းအောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့နိုင်ငံတွင် ဒေသအလိုက် ဆန်၊ သားငါး၊ ဟင်းသီးဟင်းရွက် ဖူလုံမှုရှိသော်လည်း ဆီဖူလုံမှုမရှိသေးကြောင်း၊ ပြည်ပမှ ဝယ်ယူတင်သွင်းနေရသည့်အစား ပြည်တွင်း၌ပင် ဆီထွက်သီးနှံများ တိုးတက်စိုက်ပျိုးပြီး စားသုံးဆီ ဖူလုံပိုလျှံအောင် ထုတ်လုပ်ခြင်းသည် နိုင်ငံအတွက် အကျိုးရှိကြောင်း။

သာယာဝတီခရိုင်အနေဖြင့် ယခုနှစ် ဆီထွက်သီးနှံစိုက်ဧက ခုနစ်သောင်းကျော်တိုးပြီး ဧကတစ်သိန်းတစ်သောင်းကျော် စိုက်ပျိုးရန် လျာထားချက်နှင့်အညီ အောင်မြင်အောင် ဆောင်ရွက်စေလိုကြောင်း၊ ပဲခူးတိုင်း၌ ယခုနှစ်တွင် မိုးစပါးစိုက်ဧက သိန်း ၃၀၊ ပဲစိုက်ဧက ၁၆သိန်း၊ နွေစပါး စိုက်ဧက လေးသိန်း မလျော့စေဘဲ ဆီထွက်သီးနှံ ငါးသိန်းကျော် စိုက်ပျိုးရမည်ဖြစ်ကြောင်း သို့မှသာ ပဲခူးတိုင်းအနေဖြင့် ဆန်ဖူလုံပိုလျှံသည့်အပြင် စားသုံးဆီပါ ပိုလျှံလာမည်ဖြစ်ကြောင်း၊ အလားတူပင် ဒီဇယ်ဆီများကိုလည်း ပြည်ပမှ ဝယ်ယူတင်သွင်းနေရခြင်းကို သက်သာမှုရှိစေရန် ဘိုင်ဒီဇယ်ဆီ ထုတ်လုပ်နိုင်သည့် ခြံစည်းရိုးကြက်ဆူပင်များကို နိုင်ငံတော်က စီမံလျာထားသည့်အတိုင်း သုံးနှစ်အတွင်း ဧကငါးသိန်းပြည့်အောင် စိုက်ပျိုးကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စားသုံးဆီထုတ်လုပ်နိုင်သည့် ဆီထွက်သီးနှံများ၊ ဘိုင်အိုဒီဇယ်ဆီ ထုတ်လုပ်နိုင်သည့် ခြံစည်းရိုးကြက်ဆူပင်များကို တိုးနိုင်သမျှ တိုးတက်စိုက်ပျိုးကြရမည်ဖြစ်ကြောင်း၊ သာယာဝတီခရိုင်တွင် မြစ်ရေကြီးမှု ဖြစ်ပေါ်လေ့ရှိရာ ဧရာဝတီမြစ်အရှေ့ကမ်းရှိ တာများ လုံခြုံကြံ့ခိုင်ရေး၊ ရေကြီးမှုကြုံတွေ့ပါက စီမံချက်နှင့်အညီ ဆောင်ရွက်ရေးတို့အတွက် ယခုကပင် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရန်လိုကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများသည် တာဝန်ကျေရုံမဟုတ်ဘဲ စေတနာထား ဆောင်ရွက်ကြရန်၊ ပြည်သူများနှင့်အတူ တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် ဖြစ်ကြောင်း ပြောကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ကြည့်ရှုအားပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် လက်ပံတန်းမြို့နယ် ကျေးနီကျေးရွာအနီးရှိ ကွင်းအမှတ် ၁၁၇၄ ၌ ကျင်းပသော ၂၀၀၇-၂၀၀၈ ခုနှစ် လက်ပံတန်းမြို့နယ် မိုးစပါးစုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ လက်ပံတန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်သိန်းက မိုးစပါးစိုက်ပျိုးရန် လျာထားချက်နှင့်အညီ စိုက်ပျိုးပြီး အခြေအနေ၊ တိုးချဲ့စိုက်ပျိုးရေးစီစဉ်နေမှု၊ ရေတော်မိုးတော် စပါးစိုက်ပျိုးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက မြို့နယ်အတွင်း စားသုံးမှုဖူလုံရုံမျှမက ပို့လျှံရေးအတွက် လျာထားချက်ပြည့်မီကျော်လွန်အောင် တိုးချဲ့ စိုက်ပျိုးနိုင်ရေးကြိုးပမ်းဆောင်ရွက်ရန်မှာကြားသည်။

ပံ့ပိုးဖြည့်ဆည်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဒေသခံ တောင်သူများအားတွေ့ဆုံကာ မိုးစပါးစိုက်ပျိုးရေးနှင့်စပ်လျဉ်း၍ သိလိုသည်များကို မေးမြန်းပြီး လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မိုးစပါးစုပေါင်း စိုက်ပျိုးပွဲ၌ ကောက်စိုက်သမများ စုပေါင်းကောက်စိုက်နေမှုကို ကြည့်ရှုအားပေးကြသည်။

လက်ပံတန်းမြို့နယ်၌ ၂၀၀၇-၂၀၀၈ခုနှစ် မိုးစပါးစိုက်ပျိုးရန် ဧက ၁၁၅၀၀၀ လျာထားသည့်အနက် ၅၅၈၅၈ဧကေ စိုက်ပျိုးပြီးစီးနေပြီး ကျန်ဧကများကို ယခု ဇူလိုင်လအကုန်တွင် အပြီးသတ်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မင်းလှမြို့နယ်ရှိ နယ်မြေခံတပ်ရင်းသို့ ရောက်ရှိကြပြီး သူရမင်းဒင်ခန်းမ၌ အရာရှိ၊ စစ်သည်မိသားစုဝင်များနှင့် တွေ့ဆုံကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

တွေ့ဆုံပွဲတွင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက တပ်မတော်မိသားစုဝင်များ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ မှာကြားပြီး ဒို့တာဝန်အရေးသုံးပါး ဦးထိပ်ထားလျက် နိုင်ငံတော်ကာကွယ်ရေးတာဝန်များ ထမ်းဆောင်ရင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ် (၅)ရပ်ကို ဒေသခံပြည်သူများနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်သွားကြရေး မှာကြားကာ တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

(သတင်းစဉ်)

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး(ဗုဒ္ဓဘာသာပညာရေးဗိမာန်တော်ကြီး)အတွက် မော်လမြိုင်မြို့ ချမ်းအေးရပ် အမှတ်(၉-င)နေ နှစ်ဖက်မိဘများအားရည်စူး၍ ဦးကျော်စိန်-ဒေါ်လှတင် သားသမီးမြေးတစ်စုက ကျောင်းအလှူငွေ ကျပ်တစ်သိန်းကို ကျောင်းဖြစ်မြောက်ရေးအကျိုးဆောင်ဥက္ကဋ္ဌ ဆရာတော်အရှင်ရာဇိန္ဒ(နာလန္ဒာ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာနိုင်ငံပြန်တမ်း

၁။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအား အစမ်းခန့်ကာလတစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူး၊ ဌာန
(က) ဒေါက်တာမြင့်သိန်း	ပါမောက္ခချုပ် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
(ခ) ဦးသိန်းလွင်	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း စွမ်းအင်ဝန်ကြီးဌာန
(ဂ) ဦးထွန်းလွင်	ညွှန်ကြားရေးမှူးချုပ် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန ပို့ဆောင်ရေးဝန်ကြီးဌာန

၂။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းအား ယင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

မြန်မာနိုင်ငံဆရာဝန်အသင်း ဇီဝကမ္မနှင့်ဇီဝဓာတုဗေဒအဖွဲ့ငယ် ဆေးပညာဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၂

မြန်မာနိုင်ငံဆရာဝန်အသင်း ဇီဝကမ္မနှင့် ဇီဝဓာတုဗေဒအဖွဲ့ငယ်က ကြီးမှူးကျင်းပသော Refresher Course on Meeting Myocardial Demand ဟောပြောပွဲကို ဇူလိုင်၁၄ရက် (စနေနေ့) နံနက်၉နာရီမှ ၁၂နာရီ အထိ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမ (အေ)ဆောင်၌ ကျင်းပမည်ဖြစ်သည်။

ဟောပြောမည်

အဆိုပါဟောပြောပွဲ၌ တွဲဖက်ပါမောက္ခ ဒေါက်တာဒေါ်ဥမ္မာက Coronary Haemodynamics ကိုလည်းကောင်း၊ တွဲဖက်ပါမောက္ခ ဒေါက်တာကြူကြူမောင်က Cardiac Energy Metabolismကို လည်းကောင်း၊ တွဲဖက်ပါမောက္ခ ဒေါက်တာဦးတင်လတ်က Endothe lium; A new target for Cardiovascur Therapeutics ကို လည်းကောင်း၊ တွဲဖက်ပါမောက္ခ ဒေါက်တာဦးခင်မောင်လွင်က Three Cardiac Mysteries ကိုလည်းကောင်း ဟောပြောဆွေးနွေးကြမည်ဖြစ်သည်။

မှတ်ပုံတင်နိုင်

စိတ်ပါဝင်စားသူ ဆရာဝန်များ၊ အလုပ်သင်ဆရာဝန်များနှင့် ဘွဲ့ကြို၊ ဘွဲ့လွန်ဆေးကျောင်းသားများသည် ဆေးတက္ကသိုလ်(၁) ပြည်လမ်းရှိ ဇီဝကမ္မဗေဒဌာနနှင့် ဇီဝဓာတုဗေဒဌာနတွင်လည်းကောင်း၊ ရန်ကုန်ဆေးရုံကြီးရှိ နှလုံးအထူးကုဆေးပညာဌာနတို့တွင်လည်းကောင်း နံနက်၁၀နာရီမှ ညနေ ၄နာရီအတွင်း မှတ်ပုံတင်နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ချင်းတွင်းမြစ်၏သမိုင်းတစ်ခေတ်ပွဲတင်သံ စာအုပ်ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇူလိုင် ၁၂

၂၀၀၀ပြည့်နှစ် စာပေဗိမာန် စာ မူဆုပြိုင်ပွဲတွင် စာပဒေသာ ပထမဆုရရှိခဲ့သော မောင်မိုးယံ ရေးသားသည့် **‘ချင်းတွင်းမြစ်၏ သမိုင်းတစ်ခေတ်ပွဲတင်သံ’** စာအုပ်ကို ကျော်ညွှန့်ရည်စာပေက ဒုတိယအကြိမ် ပြန်လည်ရိုက်နှိပ် ထုတ်ဝေလိုက်သည်။ **(ယာပုံ)**

အဆိုပါစာအုပ်တွင် ချင်းတွင်းမြစ်တစ်လျှောက် နေထိုင်ကြသော တိုင်းရင်းသားပြည်သူများ၏ ဘဝ၊ နေထိုင်စားသောက်မှု၊ ရုန်းကန်လှုပ်ရှားမှုအခြေအနေများနှင့် ချင်းတွင်းဒေသရှိ ရေအရင်းအမြစ်ကို အမှီပြု၍ ဘဝတည်ဆောက်နေမှုများအပေါ် အခြေခံကာ မိမိဒေသဖွံ့ဖြိုးတိုးတက်အောင် ကိုယ့်ခွန်ကိုယ့်အားဖြင့် ကြိုးပမ်းကြရန်လိုပုံတို့ကို စာရေးဆရာမောင်မိုးယံက ခရီးသွားအတွေ့အမြင်ရသများဖြင့် ဖော်ထုတ်တင်ပြထားသည်။

ဤစာအုပ်ကို ဒေါ်ဝါဝါကျော်စီစဉ်ပြီး အမှတ် ၁၉၂ ၃၃လမ်း ရန်ကုန်မြို့ ဂုဏ်ထူးစာပေတိုက် ဖုန်း- ၃၈၆၅၉၀နှင့် ၃၈၆၅၉၅ က တစ်အုပ်လျှင် ကျပ်၁၅၀၀ဖြင့် တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၃-၇-၂၀၀၇ ရက် (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓေ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ အကပြိုင်ပွဲ
- ၈:၀၀ ၆။ ကြေးမုံရိပ်သွင်တေးနယဉ်
- ၈:၁၀ ၇။ အတီးပြိုင်ပွဲ
- ၈:၂၀ ၈။ ဟင်းရွက်ရေလှောင်တမံ
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ English for Everyday Use
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Practice in Reading
- ၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ရူပဗေဒအထူးပြု) [ရူပဗေဒ]
- ၁၇:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၁၇:၂၀ ၆။ မြန်မာစာ မြန်မာစကား
- ၁၇:၃၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၁၇:၄၀ ၈။ **လက်တွေ့ပြချင်လို့** ဖြိုးငွေစိုး၊ မြတ်ကေသီအောင် (ဒါရိုက်တာ-ကြည်စိုး)
- ၁၇:၅၀ ၉။ တက္ကသိုလ်လွဲ့လွဲ့၏ တေးများ
- ၁၈:၀၀ ၁၀။ ညနေခင်းသတင်း
- ၁၈:၂၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၈:၄၀ ၁၂။ သုတစုံလင်ရွှေညာဏ်ရှင်
- ၁၉:၁၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဒုတိယအရွယ်၏ ချစ်မေတ္တာ** (အပိုင်း-၃)
- ၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကံကြမ္မာနတ်သမီး** (အပိုင်း-၂၀)
- ၁၈။ နောက်တစ်နေ့အစီအစဉ်

အသောကာရုံရွှေကျောင်းစာသင်တိုက် ရွှေရတုမင်္ဂလာပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၂

ပထမအသောကာရုံ ရွှေကျောင်းဆရာတော်ကြီး ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏဝရ ၁၃၁၉ခုနှစ် ဝါဆိုလဆန်း ၂ရက်တွင် စတင်တည်ထောင် တော်မူခဲ့သော အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်း ရပ်ကွက် အသောကာရုံရွှေကျောင်းစာသင်တိုက်ကြီး၏ နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာအခမ်းအနားနှင့် ရွှေရတုအထိမ်းအမှတ် သုံးထပ်ကျောင်းဆောင်တော်ကြီးဆောက်လုပ်ရန် ပထမအကြိမ် အလှူတော်ငွေပေးအပ်ပွဲ၊ မုခ်ဦးရေစက်ချပွဲမင်္ဂလာအခမ်းအနားကို ဒုတိယဝါဆိုလဆန်း ၂ရက် ဇူလိုင်၁၆ရက် (တနင်္လာနေ့) နံနက် ၈နာရီတွင် အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်း ရပ်ကွက် အသောကာရုံ ရွှေကျောင်းစာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ အချိန်မီကြွရောက်ကြည်ညိုကြပါရန် ဝေယျာဝစ္စအဖွဲ့က နှိုးဆော်ထားကြောင်းသိရသည်။ **(က-ပ)**

နိုင်ငံတော်ဝန်ကြီးချုပ်၏ အထူးသံတမန် ဒုတိယဝန်ကြီး ဦးမောင်မြင့် ဘရာဇီး၊ ပီရူး၊ ကျူးဘား၊ ပနားမားနှင့် ဗင်နီဇွဲလားနိုင်ငံများသို့ ချစ်ကြည်ရေးခရီးသွားရောက်

နေပြည်တော် ဇူလိုင် ၁၂

နိုင်ငံတော်ဝန်ကြီးချုပ်၏ အထူးသံတမန် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဘရာဇီးနိုင်ငံ၊ ပီရူးနိုင်ငံ၊ ကျူးဘားနိုင်ငံ၊ ပနားမားနိုင်ငံနှင့် ဗင်နီဇွဲလား နိုင်ငံများသို့ ဇွန် ၂၅ ရက်မှ ဇူလိုင် ၉ ရက်အထိ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီးနောက် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။

တွေ့ဆုံဆွေးနွေး

နိုင်ငံတော်ဝန်ကြီးချုပ်၏ အထူးသံတမန် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ဇွန်၂၅ရက် မွန်းလွဲပိုင်းတွင် ဘရာဇီးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးအဆင့်ရှိ Secretary General Mr. Samuel Pinheiro Gulmaraes Neto နှင့်လည်းကောင်း၊ Sub-Secretary General (Political) Mr. Roberto Jaguaribe Gomes de Mattos နှင့်လည်းကောင်း သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၇ရက်တွင် ပီရူးနိုင်ငံသို့ ရောက်ရှိပြီး မွန်းလွဲပိုင်းတွင် အထူးသံတမန် ဒုတိယဝန်ကြီးသည် ပီရူးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနအပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်ကုလသမဂ္ဂဌာန၏ Under Secretary General, Mr. Jose Antonia Garcia Revilla နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။

ကျူးဘားနိုင်ငံ

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၉ရက်တွင် ကျူးဘားနိုင်ငံ ဟားဗားနားမြို့သို့ ရောက်ရှိခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် ကျူးဘားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Abelardo Moreno Femandez က တည်ခင်းဧည့်ခံသည့် အလုပ်သဘော ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးသည် ကျူးဘားနိုင်ငံ ဟားဗားနားမြို့၌ရောက်ရှိနေစဉ် ဇူလိုင် ၁ ရက် နံနက်ပိုင်းတွင် ကျူးဘားကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး Ms. Maria Elenc Lopez Reyes နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ယင်းနေ့မွန်းလွဲပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကျူးဘားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Abelardo Moreno Femandez ခေါင်းဆောင်သည့် ဌာနဆိုင်ရာအကြီးအကဲများနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံနှုတ်ဆက်

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၃ ရက်တွင် ပနားမားနိုင်ငံသို့ ရောက်ရှိခဲ့ပြီး မွန်းလွဲပိုင်းတွင် ပနားမားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Recardo Duran အား သွားရောက် တွေ့ဆုံနှုတ်ဆက်ပြီး ပနားမားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ် Dr. Mr. Neel Castro ခေါင်းဆောင်သည့်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ဗင်နီဇွဲလားနိုင်ငံ

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၅ ရက်တွင် ဗင်နီဇွဲလားနိုင်ငံသို့ ရောက်ရှိခဲ့ပြီး ဇူလိုင်၆ရက် နံနက်ပိုင်းတွင်ဗင်နီဇွဲလားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Vladimir Villeges အား တွေ့ဆုံနှုတ်ဆက်၍ မွန်းလွဲပိုင်းတွင် ဗင်နီဇွဲလားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီးခေါင်းဆောင်သည့် ဌာနဆိုင်ရာ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးသည် ဇူလိုင် ၇ ရက် မွန်းလွဲပိုင်းတွင် ဗင်နီဇွဲလားနိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Mr. Nicolars Maduro Moros အား သွားရောက်တွေ့ဆုံနှုတ်ဆက်ခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၉ ရက်တွင် ဗင်နီဇွဲလားနိုင်ငံ ကရားကတ်စ်မြို့မှ ပြန်လည်ထွက်ခွာခဲ့သည်။ နိုင်ငံတော်ဝန်ကြီးချုပ်၏ အထူးသံတမန် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဖေသန်းဦး၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇောနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သီဝတို့လည်း ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ်၏ အထူးသံတမန် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ဗင်နီဇွဲလားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Mr. Nicolars Maduro Moros အား တွေ့ဆုံနှုတ်ဆက်စဉ်။ (နိုင်ငံခြားရေး)

ပုဇွန်တောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ရန်ကုန်တိုင်းလုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်းတို့က ကြီးမှူး၍ ဘုရားဖြူကျောင်းတိုက်တွင်ကျင်းပသော ပုဇွန်တောင်မြို့နယ်မှ ဘွဲ့တံဆိပ်အလှူခံရရှိတော်မူသည့် ဆရာတော်ကြီးသုံးပါးတို့အား ပူဇော်ပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးပုက ဆရာတော်အား လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

လက်ပံတန်းမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၁၂

လက်ပံတန်းမြို့နယ် အသင်း၏ ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင်၂၂ ရက် (ဒုတိယဝါဆိုလဆန်း၈ရက်) တနင်္ဂနွေနေ့ နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ တိစန္ဒဝိဟာရ စင်ကာပူကျောင်းသစ် (သွေးဆေးကန်တိုက်) တွင် ကျင်းပမည်ဖြစ်ရာ ရန်ကုန်ရောက် လက်ပံတန်းမြို့နယ်သူ မြို့နယ်သားများတက်ရောက်နိုင်ကြောင်းနှင့် လှူဒါန်းလိုသူများ ဦးသောင်းကြည် ဖုန်း-၅၀၁၇၃၆၊ ၅၀၀၇၂၈၊ ဒေါ်ရီရီအုန်း ဖုန်း-၂၂၉၂၈၉၊ ဦးအောင်သိန်း ဖုန်း-၅၄၆၄၂၀၊ ဦးကိုမြင့် ဖုန်း-၀၉၅၁၈ ၇၂၅၆၊ ဦးဇော်ဝင်း ဖုန်း-၆၆၇၇၉၀၊ ဦးဝင်လှိုင် ဖုန်း-၀၄၄-၂၁၆၃၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

အနုပညာဆွဲဆောင်မှု ပန်းချီပြပွဲခင်းကျင်းပြသ

ရန်ကုန် ဇူလိုင် ၁၂

ပန်းချီဆရာမ လွန်းမြမြ၏ အနုပညာဆွဲဆောင်မှုပန်းချီပြပွဲကို ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေးအရှေ့ဘက်တန်းရှိ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံးပြပွဲခန်းမ၌ ဇူလိုင်၁၂ရက်မှ ဇူလိုင် ၂၁ရက်အထိ ခင်းကျင်းပြသလျက်ရှိသည်။

ငါးကြိမ်မြောက်

ပန်းချီဆရာမ လွန်းမြမြသည် ပန်းချီဆရာကြီး ဦးလွန်းကြွယ်၏ဇနီးဖြစ်ပြီး တစ်ကိုယ်တော်ပန်းချီပြပွဲအဖြစ် ငါးကြိမ်မြောက် ခင်းကျင်းပြသခြင်းလည်းဖြစ်သည်။ ယခုပန်းချီပြပွဲ၌ ပန်းချီကားပေါင်း ၅၃ကား ခင်းကျင်းပြသထားရာ ဆီဆေး ၄၅ ကားနှင့် ရေဆေးရှစ်ကားပါဝင်သည်။

သဘာဝရှုခင်း

ပန်းချီကားများမှာ မန္တလေး၊ မင်းကွန်း၊ အမရပူရ၊ ပြင်ဦးလွင်၊ မြစ်ကြီးနားတို့မှ သဘာဝအလှရှုခင်းများအပြင် စိတ်ကူးဖြင့် ဖန်တီးရေးဆွဲထားသော ပန်းချီကားများလည်းပါဝင်ရာ သဘာဝရှုခင်း၊ မော်ဒန်၊ ဓားပန်းချီစသည့် ရသမျိုးစုံပေးစွမ်းနိုင်သည့် ပန်းချီကားဖြစ်သည်။

လက်ရာမြောက်

ပြပွဲ၌ခင်းကျင်းပြသထားသော ပန်းချီကားများအနက် ထီးချိုင့်ဆိပ်ကမ်း၊ မြစ်ဆုံရှုခင်း၊ ဆွဲဆောင်နေသော ကရိန်နော်၊ မျဉ်းကြောင်းအလှ၊ လုပသောဆက်သွယ်မှုများနှင့် ကစားစရာများ၏ဆွဲဆောင်မှု စသည့် ဆီဆေးပန်းချီကားများမှာ လက်ရာအမြောက်ဆုံးနှင့် စိတ်ဝင်စားစရာအကောင်းဆုံးဖြစ်သည်။

သတင်းမှတ်စု - မောင်ချစ်ကြည်

ပန်းချီဆရာမ လွန်းမြမြ ရေးဆွဲထားသော စိတ်ဝင်စားစရာ ရှုခင်းသာပန်းချီကားမှာ ဤသို့ အသက်ဝင်လှသည်။ ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

The Live News ဂျာနယ် အမှတ်(၄၃)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇူလိုင် ၁၂

ရွှေပြည်စိုးစာပေတိုက်က အပတ်စဉ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The Live News ဂျာနယ် အမှတ်(၄၃)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

မြန်မာသဘော်သားတွေ သတိပြုပါလေ၊ မကာအိုကုန်စည်ပြပွဲသို့ မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ သွားရောက်ပြသနိုင်၊ သား၊ ငါး၊ ပုစွန်ကဏ္ဍာပြည်ပပို့ကုန်လျာထားချက်သန်း၇၅၀ ပြည့်မီရေး မြန်မာ့လျှပ်စစ်လုပ်ငန်းမှ ကူညီပေးမည်၊ ရန်ကုန်မြို့ လူဦးရေထက်ဝက်ခန့် ဘဲဥ၊ ကြက်ဥ ဝင်ရောက်ခဲ့သော်လည်း ဘဲဥ၊ ကြက်ဥဈေးက မကျနိုင်သေး၊ လက်ဆင့်ကမ်းပါသာသနာ၊ ရတနာပုံခေတ် စာစုစာရင်းဆရာ၊ မီးတောင်ကျွန်းက မပို့ဖြစ်သောစာများ၊ လူမဖြစ်သေးသူများ၊ ပါလက်စတိုင်းသုံးပွင့်ဆိုင် အကျပ်အတည်း၊ လန်ဒန်ဗုံးခွဲရန်ကြိုးပမ်းမှု ပထမဆုံးမသင်္ကာသူကို စွဲချက်တင်၊ ရုရှားက လွှတ်တင်ပေးတဲ့ အမေရိကန်ဆက်သွယ်ရေးဂြိုဟ်တု၊ ၂၄နာရီအတွင်း အနည်းဆုံး ၁၇၉ဦး သေဆုံးခဲ့သော အီရတ်မှ အသေခံဗုံးခွဲမှုများ၊ တက္ကစီမင်းနှင့် စင်ကာပူပြန်ဇနီးမောင်နှံ၊ ၂၀၀၇ခုနှစ် ဇူလိုင်၁၄ရက်မှ ၂၀ရက်အတွင်း မွေးဖွားသော မျိုးဆက်သစ်ကလေးငယ်များ၏ ဘဝတစ်သက်တာကံဇာတာ၊ ကိုရီးယားရုပ်ရှင်ကြိုတင်ဇာတ်လမ်းများ စသည့်သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများကို ပါရဂူ၊ မြင်းမူမောင်နိုင်မိုး၊ နီမင်းဆွေ၊ ကိုကိုလှိုင်၊ မောင်မြတ်မွန်(ဆူးလေ)၊ မောင်ကြေးစည်(ကေတုမတီ)၊ မောင်နေလင်း၊ ရဲဇော် (ဇီးကုန်း) နှင့် အမြို့မြို့အနယ်နယ်မှ စာရေးဆရာ၊ သတင်းစာဆရာများက ဝေဝေဆာဆာ တင်ဆက်ထားသည်။

The Live News ဂျာနယ်သို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိုစ္စဆောင်ရွက်လိုသူများသည် အမှတ်၃၁၀ ဝါးတန်းလမ်း မြေညီထပ် အခန်း ၀၀၄ လမ်းမတော်မြို့နယ် ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

စလင်းမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၁၂

စလင်းမြို့နယ်အသင်း(ရန်ကုန်)၏ တတိယအကြိမ်မြောက်ဝါဆိုသင်္ကန်းကပ်လှူပွဲကို ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း ဆောက်လုပ်ရေးဓမ္မာရုံ၌ ဇူလိုင် ၁၅ရက် နံနက် ၁၀နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် အသင်းမဝင်ရသေးသော မြို့နယ်သူ၊ မြို့နယ်သားများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့်လှူဖွယ်ပစ္စည်းများကို ဦးငွေးကြွယ် ဖုန်း-၅၁၀၃၁၇၊ ဦးကျော်နိုင် ဖုန်း- ၇၂၅၇၁၇၊ ဦးစန်းညိုအောင် ဖုန်း- ၆၈၁၂၃၀နှင့် ဦးလင်းသက်မော် ဖုန်း- ၀၉-၅၁၁၇၂၉၉တို့နှင့် နီးစပ်ရာ အသင်းနာယကများ၊ အမှုဆောင်များထံသို့ ကြိုတင်၍လည်းကောင်း၊ အလှူပွဲကျင်းပမည့်ရက်တွင် ဆောက်လုပ်ရေးဓမ္မာရုံ၌လည်းကောင်း ထည့်ဝင်လှူဒါန်းကြရန် နှိုးဆော်ထားသည်။ **(က-ပ)**

လူငယ်များ အသိပညာရှင်၊ အတတ်ပညာရှင်ဖြစ်အောင် ပြုစုပျိုးထောင် မိမိရပ်ရွာဖွံ့ဖြိုးရေးမှ ပြည်ထောင်စုတစ်ရပ်လုံးဖွံ့ဖြိုးတိုးတက်ရေး ပညာရေးကဏ္ဍ၏ အမျိုးသားရေးတာဝန် ကျေပွန်စွာထမ်းဆောင်

နေပြည်တော် ဇူလိုင် ၁၂

မိတ္ထီလာခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက စာသင်ခုံများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၄ရက် နံနက် ၁၀နာရီ ၄၅မိနစ်က မိတ္ထီလာမြို့ ဈေးအရှေ့ ပြင်ရပ်ကွက်ရှိ ကန်တော်မင်္ဂလာခန်းမဦကျောင်းပရာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော် (အပေါ်ပုံ) **တက်ရောက်အမှာစကားပြောကြားပြီး စာသင်ခုံများလှူဒါန်းသည်။**

အစီအစဉ်အရ တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်က အမှာစကားပြောကြားရာတွင် အနာဂတ်နိုင်ငံတော်အတွက် အရည်အချင်းပြည့်ဝသည့် နိုင်ငံ့သားကောင်းများနှင့် ရင့်ကျက်သော ခေါင်းဆောင်ကောင်းများ ပေါ်ထွက်လာစေရေးအတွက် တာဝန်ရှိသူများက ကြပ်မတ်ပေးကြရန်လိုကြောင်း၊ လူငယ်များအနေဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်အောင် ပြုစုပျိုးထောင်ပေးကြရန်လိုကြောင်း၊ မိမိရပ်ရွာဒေသ ဖွံ့ဖြိုးရေးမှသည် ပြည်ထောင်စုတစ်ရပ်လုံး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပညာရေးကဏ္ဍ၏ အမျိုးသားရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရန်လိုကြောင်း စသည်ဖြင့် ပြောကြားသည်။

လှူဒါန်း

ထို့နောက် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းသည့် စာသင်ခုံများအား တိုင်းမှူးက ပေးအပ်လှူဒါန်းခဲ့ရာ မိတ္ထီလာမြို့နယ်၊ မလှိုင်မြို့နယ်၊ သာစည်မြို့နယ်နှင့် ဝမ်းတွင်းမြို့နယ်တို့မှ ပညာရေးမှူးများက လက်ခံရယူကြပြီး မိတ္ထီလာမြို့နယ် ပညာရေးမှူး ဦးထွန်းရီက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ပြန်လည်ထွက်ခွာသွားသည်။

ထောက်ပံ့

မိတ္ထီလာခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် လိုအပ်သည့် စာသင်ခုံများအား ၂၀၀၆-၂၀၀၇ ပညာသင်နှစ်တွင်စာသင်ခုံအနိမ့်အလုံး၁၁၈၀၊ ခုံမြင့် ၂၈လုံးတို့အား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့မှ ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ပြီး ယခုနှစ် ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင်စာသင်ခုံအနိမ့်အလုံး၁၄၉၀၊ ခုံအမြင့် ၂၈၃လုံး စုစုပေါင်း ၁၇၈၃လုံး တန်ဖိုးအားဖြင့် ငွေ ၅၉၈၁၁၂၂၉ ကျပ်ကို မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းခဲ့ကြောင်းသတင်းရရှိသည်။**(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃-၇-၂၀၀၇

(သောကြာနေ့)

၇:၀၀ MRTV-4 အဖွင့် Logo
ယနေ့အစီအစဉ်
၇:၀၅ ပရိတ်ကြီး (၁၁)သုတ်ပါဠိတော် (ဆရာတော် ဘဒ္ဒန္တကုမာရ)
၇:၄၅ သမိုင်းဝင် ရှင်ကိုးရှင် [တနင်္သာရီတိုင်း (ထားဝယ်ခရိုင်)]
၈:၀၀ တေးဂီတအစီအစဉ်
၈:၀၅ Myanmar Video Rhythm
၈:၄၅ ဘုရားဖူးကာလေ့လာ ကုသိုလ်တော်ယူမှာ
၉:၀၀ ပြည်တွင်းသတင်းအကျဉ်း
၉:၁၀ တေးဂီတအစီအစဉ်
၉:၁၅ စိတ်ဝင်စားစရာ ကျောက်မျက်ကမ္ဘာ (ရတနာတို့ရဲ့ အရှင် စိန်ဘုရင်)
၁၀:၀၀ နိုင်ငံတကာသတင်းအကျဉ်း
၁၀:၀၅ တေးဂီတအစီအစဉ်
၁၀:၁၀ ဒေသထွက်ကုန်စားစရာ ရေတာရှည်မြို့က ဝက်အူချောင်းပါ
၁၀:၂၀ မိုးလေဝသခန့်မှန်းချက်
၁၀:၂၅ တေးဂီတအစီအစဉ်
၁၀:၃၀ ယနေ့ သိပ္ပံနှင့်နည်းပညာ
၁၀:၄၀ တေးဂီတအစီအစဉ်
၁၀:၄၅ စားဖွယ်အဖုံဖုံ မုန့်မျိုးစုံ (အီကလဲယားမုန့်လုပ်နည်း)
၁၁:၀၅ ပြည်တွင်းသတင်းအကျဉ်း
၁၁:၁၅ တေးဂီတအစီအစဉ်
၁၁:၂၀ Diploma Guide (International Advanced Diploma in Computing အကြောင်း သိကောင်းစရာ)
၁၁:၃၀ တေးဂီတအစီအစဉ်
၁၁:၄၀ သွေးတိုး၊ ဆီးချိုအကြောင်း သိကောင်းစရာ တိုင်းရင်းဆေးပညာ
၁၁:၅၅ နိုင်ငံတကာသတင်းအကျဉ်း
၁၂:၀၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ "ဒီကောင် ဘယ်သူတုန်း"
၁၂:၃၀ တေးဂီတအစီအစဉ်
၁၂:၃၅ စက်မှုဖွံ့ဖြိုး တို့တိုင်းပြည်အကျိုး ဖြိုးငွေစိုး၊ မိုးဒီ၊ စောနိုင် (ရှမ်းပြည်)၊ သဇင်၊ နှင်းဆီ၊ ခင်မို့မို့အေး [ဒါရိုက်တာ-တင်အောင်ရွှေ (သုတေသီ)]
၁:၀၀ MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာအစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မကွေးတိုင်းငါးလုပ်ငန်းဦးစီးဌာန ရေဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့် အထွေထွေအတွင်းရေးမှူးဦးဌေးဦး တက်ရောက်အားပေး

နေပြည်တော် ဇူလိုင် ၁၂

မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်ကြီးကြပ်မှုဖြင့် မကွေးတိုင်း ငါးလုပ်ငန်းဦးစီးဌာနကကျင်းပသည့် ရေဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဇူလိုင်၇ ရက်နံနက်ပိုင်းက မကွေးမြို့ ကန်တော်ကြီးဆိပ်တွင်ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေတို့ တက်ရောက်အားပေးကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မကွေးတိုင်း ငါးလုပ်ငန်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးအောင်အောင်က ၁၉၉၉-၂၀၀၀ ခုနှစ်မှစ၍ နှစ်စဉ် ရေဝတီမြစ်အတွင်းသို့ ငါးသားပေါက်မျိုးများ ထည့်သွင်းပေးခဲ့မှု၊ ယခုနှစ်တွင် ပိုမိုရှင်သန် ဖြစ်ထွန်းသည့် ငါးမြစ်ချင်း ငါးသားပေါက် ငါးသန်ကောင်ရေ ငါးသိန်းကို မကွေးမြို့နယ်တွင်လည်းကောင်း၊ သရက်မြို့နှင့် ပခုက္ကူမြို့တို့တွင်လည်းကောင်း၊ တစ်မြို့နယ်လျှင် ငါးသားပေါက် ငါးသိန်းစီ ထည့်သွင်း ငါးမျိုးစိုက်ထည့်မှုကို ရှင်းလင်းတင်ပြသည်။

ငါးမျိုးစိုက်ထည့်ပေး

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေတို့က ငါးသားပေါက်များကို ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား ပေးအပ်ပြီး ငါးသားပေါက်များကို လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်အတူ ရေဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ပေးကြသည်။ **(အပေါ်ပုံ)**

စီမံဆောင်ရွက်

ငါးသားပေါက် ငါးသန်များကို ရေဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်မှုသာမက မကွေးတိုင်းအတွင်း တည်ဆောက်ပြီးစီးသွားသော ဆည်ကန် ရေလှောင်တမံများအတွင်းသို့လည်း ၁၉၉၉-၂၀၀၀ ခုနှစ်မှစ၍ ငါးမျိုးထည့်သွင်းခဲ့ရာ ယခုနှစ်တွင်လည်း အဆိုပါဆည်ကန် ရေလှောင်တမံများတွင် ငါးသားပေါက် စုစုပေါင်းကောင်ရေ ၁၃၅ သိန်း ငါးမျိုးစိုက်ထည့်နိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အာဆီယံနှင့် တရုတ် မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးလုပ်ငန်း အစီအစဉ် အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးနှင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၂

အာဆီယံနှင့်တရုတ် မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေးလုပ်ငန်း အစီအစဉ် (ASEAN and China Co-operative Operations in Response to Dangerous Drugs-ACCORD)ပဥ္စမအကြိမ် အစားထိုး ဖွံ့ဖြိုးရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးနှင့် ဆဋ္ဌမအကြိမ် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းအဖွဲ့ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ PARKROYAL ဟိုတယ်၌ ကျင်းပသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်မြို့ရှိ အာဆီယံနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးအရာရှိများ၊ အစည်းအဝေးတက်ရောက်သည့် အာဆီယံနိုင်ငံများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ UNODC အာဆီယံ အတွင်းရေးမှူးချုပ်ရုံး၊ အပြည်ပြည်ဆိုင်ရာ ရဲတပ်ဖွဲ့တို့မှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်း **(အောက်ပုံ)**၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ ညှိနှိုင်းရေးမှူး Mr. Keo Chhea နှင့် ဗန်ကောက်မြို့ UNODC Regional Centre for East Asia and the Pacific မှ အဆင့်မြင့်တားဆီးနှိမ်နင်းရေး အကြံပေး Mr. Qianrong Wang တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ကျင်းပမည်

အစားထိုး ဖွံ့ဖြိုးရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးနှင့် တားဆီးနှိမ်နင်းရေး လုပ်ငန်းအဖွဲ့ အစည်းအဝေးများကို ၂၀၀၇ ခုနှစ် ဇူလိုင် ၁၃ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



နေပြည်တော်ဟိုတယ်ဇုန်ရှိ ဟိုတယ်များ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်လှပရေး ညှိနှိုင်းစည်းဝေး ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇူလိုင် ၁၂

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် ဇူလိုင် ၉ ရက် နံနက် ၉ နာရီက ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပသော နေပြည်တော် ဟိုတယ်ဇုန်ရှိ ဟိုတယ်များ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်လှပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်၊ မြန်မာ့ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးသိန်း နှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ဟိုတယ်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

မှာကြား

ရှေးဦးစွာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးက အမှာစကားပြောကြားရာတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ ဟိုတယ်များတွင် ပြည်တွင်း၊ပြည်ပ ဧည့်သည်များ နေ့စဉ်ဝင်၊ ထွက်သွားလာလျက်ရှိသောကြောင့် နိုင်ငံတကာအဆင့်မီ သန့်ရှင်းသပ်ရပ် စိမ်းလန်းစိုပြည်လှပနေအောင် ပန်းပင်များ၊ အရိပ်ရလေကာပင်များ စီမံစိုက်ပျိုးကြရန်လိုကြောင်း၊ ဟိုတယ်များအနေဖြင့် အတွင်းပိုင်း ဧရိယာများကိုသာ သာယာလှပစိုပြည်အောင် ဆောင်ရွက်သကဲ့သို့ ဟိုတယ်များ ရှေ့မျက်နှာစာနှင့် ပတ်ဝန်းကျင်တစ်ဝိုက်ကိုလည်း စိမ်းလန်းစိုပြည် သာယာလှပနေအောင် စိုက်ပျိုးရန် လိုအပ်ကြောင်း၊ ယခုနှစ် မိုးရာသီအမီ ပန်းအလှပင်များ၊ အရိပ်ရပင်များကို ညီညာလှပနေအောင် စီမံစိုက်ပျိုးသွားရမည်ဖြစ်ကြောင်းဖြင့် အသေးစိတ်မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တက်ရောက်လာကြသော ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက မိမိတို့ဝန်ကြီးဌာနအလိုက် ပေါင်းစပ်ဆောင်ရွက်ပေးမည့် အစီအမံများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး ဟိုတယ်လုပ်ငန်းရှင်များက မိမိတို့ ဟိုတယ်ဧရိယာများအလိုက် စိမ်းလန်းစိုပြည် သာယာလှပအောင် ဆောင်ရွက်မည့် အစီအမံများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်က ဟိုတယ်များ ဝန်းကျင်တစ်ဝိုက် စိမ်းလန်းစိုပြည် သာယာလှပအောင် ဝန်ကြီးဌာနအနေဖြင့် ပေါင်းစပ်ဆောင်ရွက်ပေးသွားမည့် အစီအမံများနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားပြီး ဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် ဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ဟိုတယ် လုပ်ငန်းရှင်များသည် နေပြည်တော်ရှိ ဟိုတယ်ဇုန်သို့ သွားရောက်၍ ဟိုတယ်တစ်ခုချင်းစီအလိုက် စိမ်းလန်းစိုပြည်လှပအောင် ဆောင်ရွက်မည့် အစီအမံများ၊ ဟိုတယ်အတွင်း၊ အပြင် သန့်ရှင်းသာယာလှပနေအောင် ဆောင်ရွက်နေမှုများ၊ ပန်းအလှပင်များနှင့် အရိပ်ရလေကာပင်များ စိုက်ပျိုးထားရှိမှု၊ အခန်းများ ပြင်ဆင်ဖွဲ့စည်းထားရှိမှု၊ ဝန်ထမ်းများ ဝန်ဆောင်မှုပေးနေမှု အခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတ ဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော် မြတ်ကြီးတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီးတည်ဆောက်ရန် အတွက် ကိုထွန်း ဝင်းနိုင် (ခ) ကိုထွန်းထွန်း-မအေးအေးသွင်၊ သား မောင်ဖြိုးခန့် ZUE ပွဲရုံလုပ်ငန်း ဘုရင့်နောင်က ငွေကျပ်နှစ်သိန်းကိုလှူဒါန်းရာ စေတီတော်ဂေါပက အဖွဲ့ဝင်များဖြစ်ကြသော ဦးထွန်း၊ ဦးအုန်းကြိုင်တို့က လက်ခံယူစဉ်။ (က-ပ)

သံတွဲ ခရိုင်အသင်း(ဂွ-တောင်ကုတ်-သံတွဲ) ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၁၂

သံတွဲ ခရိုင်အသင်း(ဂွ-တောင်ကုတ်-သံတွဲ)ဗုဒ္ဓဘာသာဝင်များ၏ သံတွဲ ခရိုင်ဇာတိဖွား ကျောင်းထိုင်ဆရာတော် သံဃာတော် ၆၂ပါးတို့အား ပဉ္စမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ်၅ရက် (၁၃၆၉ခုနှစ် ဒုတိယ ဝါဆိုလပြည့်ကျော်၇ရက်)တနင်္ဂနွေနေ့ နံနက်၈နာရီခွဲတွင် ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် သုမင်္ဂလာအိမ်ရာ အောင်မြေရတနာလမ်း အောင်မြေရတနာပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်သည်။

အသင်းသူ အသင်းသားများ၊ သံတွဲ ခရိုင်သူ ခရိုင်သားများအနေဖြင့် ဖိတ်စာ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် ပါဝင်လှူဒါန်း လိုသူများသည် နာယက ဗိုလ်မှူးကျော်ဝင်း(ငြိမ်း) ဖုန်း-၂၉၁၂၀၀၊ ဥက္ကဋ္ဌ ဦးကျော်ရင် ဖုန်း- ၃၇၆၈၄၈၊ ၀၉-၅၁-၂၆၄၈၉၊ ဒုတိယဥက္ကဋ္ဌ ဦးမြမောင် ဖုန်း- ၆၄၃၆၂၀၊ ၀၉-၅၁-၂၁၅၂၁၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ကြည်မြင့် ဖုန်း- ၆၉၉၉၈၇၊ ၀၉-၅၁-၃၆၄၀၁၊ အတွင်းရေးမှူး(၃) ဦးမောင်မောင်သိန်းဖေ ဖုန်း- ၀၉-၅၁-၁၂၃၀၇၊ ဦးခင်မောင်စိုး ဖုန်း- ၇၂၈၄၈၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နှစ်စဉ်ပျမ်းမျှ ကီလိုဝပ်နာရီသန်းပေါင်း ၃၅၅၀ခန့် ထုတ်လုပ်မည့် ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းကို အချိန်နှင့်တစ်ပြေးညီ ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၂

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုးရွှေနှင့် တာဝန်ရှိသူများလိုက်ပါ၍ မန္တလေးတိုင်း မန္တလေးမြို့၏ အရှေ့တောင်ဘက် ၃၁မိုင်အကွာ ရဲ-ယမန်းရွာအနီး မြစ်ငယ်မြစ်ပေါ်၌ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၂)တည်ဆောက်ရေးက အကောင်အထည်ဖော်လျက်ရှိသော ရဲရွာရေအားလျှပ်စစ်စီမံကိန်းသို့ ဇူလိုင် ၆ရက်က ရောက်ရှိရာ ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်းညွှန်ကြားရေးမှူး ဦးမြင့်ဇော်က စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ ၂၀၀၇-၂၀၀၈ခုနှစ်အတွက် လုပ်ငန်းလျာထားသတ်မှတ်ချက်၊ လုပ်ငန်းသုံးပစ္စည်းများရရှိမှု၊ ယာဉ်နှင့် စက်ယန္တရားများ အခြေအနေတို့ကို ဗီဒီယိုဆလိုက်များဖြင့် ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုးရွှေက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် စီမံကိန်းမှ လုပ်ငန်း တာဝန်ခံ ဦးစီးအရာရှိများဖြစ်ကြသော ဒေါ်စစ်ငြိမ်းချမ်းအေး၊ ဦးထွန်းထွန်း၊ ဦးအာကာဇော်နှင့် ဦးဇော်မိုးထွန်းတို့က မိမိတို့တာဝန်ယူဆောင်ရွက်ရသော လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်း တင်ပြသည်။

ကြိုတင်စုဆောင်းထားရှိ

တင်ပြမှုများအပေါ် ဝန်ကြီးက စီမံကိန်းတွင် တာဝန်ထမ်းဆောင်နေကြသော တာဝန်ခံအင်ဂျင်နီယာများအား စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် မိမိတို့ တာဝန်ယူဆောင်ရွက်ရသော လုပ်ငန်းအပိုင်းလိုက် ပီပီပြင်ပြင် အချိန်နှင့်တစ်ပြေးညီအစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ရေး၊ဌာနအချင်းချင်းပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေး၊ မိုးရာသီတွင် ဆောင်ရွက်နိုင်သည့် လုပ်ငန်းများကို မနားမနေ ဆောင်ရွက်ရေး၊ မိုးရာသီတွင် ဖြစ်ပေါ်လေ့ရှိသော မြစ်ရေကြီးခြင်းနှင့် သဘာဝဘေးအန္တရာယ်များကိုကာကွယ်ရေးအတွက် စီမံချက်များ ကြိုတင်ရေးဆွဲ၍ ဇာတ်တိုက် လေ့ကျင့်ဆောင်ရွက်ကြရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ပွင့်လင်းရာသီတွင် ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် လိုအပ်သောပစ္စည်းများကြိုတင်စုဆောင်းထားရှိရေးတို့ကိုဆွေးနွေးမှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် စီမံကိန်း၏ လက်ဝဲဘက်ကမ်း ရှုရပ်မှနေ၍ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေကိုကြည့်ရှုစစ်ဆေးသည်။

(အပေါ်ပုံ)

ဆွေးနွေးမှာကြား

ဆက်လက်၍ ဝန်ကြီးသည် သောက်သုံးရေရရှိရန်တည်ဆောက်ထားသည့် ရေလှောင်တမံနှင့် တမံအတွင်း ရေဝင်ရောက်မှု အခြေအနေတို့ကို လည်းကောင်း၊ ကျောက်များ အရည်အသွေး၊ အရွယ်အစား စစ်ဆေးခြင်း၊ ချိန်တွယ်ခြင်းလုပ်ငန်းကိုလည်းကောင်း၊ စီမံကိန်းတွင် အသုံးပြုမည့် ဖိအားမြှင့် သံမဏိပိုက်လုံးများပြုလုပ်သည့် စက်ရုံတွင် သံမဏိပိုက်လုံး ထုတ်လုပ်မှုကို လည်းကောင်းကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ပင်မတမံ၏ လက်ယာဘက်ကမ်း (EL-197) ရှုရပ်မှနေ၍ ပင်မတမံ၏ လက်ဝဲဘက်ကမ်းရှိ ရေတားနံရံ တည်ဆောက်ခြင်းလုပ်ငန်း၊ R.C.C ကွန်ကရစ်တမံ သွန်းလောင်းခြင်းလုပ်ငန်း၊ ရေယူအဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်း၊ဓာတ်အားပေးစက်ရုံတည်ဆောက်ခြင်းလုပ်ငန်း၊ ဖိအားမြှင့် သံမဏိပိုက်လိုင်း တပ်ဆင်မည့် ကွန်ကရစ်ခုံများ တည်ဆောက်ခြင်း လုပ်ငန်း၊ စက်ရုံရေထုတ်မြောင်း မြေကြီး ကျောက်သားတူးဖော်ခြင်းလုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယခုအခါ စီမံကိန်းတစ်ခုလုံး၏ ၃၇ဒသမ ၁ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် ပစ္စည်းသိုလှောင်ရေးရုံးသို့ သွားရောက်ပြီး လုပ်ငန်းသုံးပစ္စည်းများ ရောက်ရှိမှုနှင့် ပစ္စည်းများထားသိုပုံ စနစ်များကို ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များကို ဖြည့်စွက်မှာကြားသည်။

အကြီးစားရေအားလျှပ်စစ်စီမံကိန်း

ရဲရွာရေအားလျှပ်စစ်စီမံကိန်းသည် စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၇၉၀ ရှိပြီး နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၃၅၅၀ ခန့် ထုတ်လုပ်နိုင်မည့် အကြီးစား ရေအားလျှပ်စစ် စီမံကိန်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအသုံးပြုရန် ဆေးဝါးနှင့်ငွေများလှူဒါန်း

ရန်ကုန် ဇူလိုင် ၁၂

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ကျန်းမာရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် အဂ္ဂမဟာသီရိသုဓမ္မဿဂီ ဒေါ်မြင့်မြင့်ရီနှင့် သမီး ဒေါက်တာသင်းနွယ်ဝင်း (Royal Ruby Co., Ltd.)မိသားစုက ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ လာရောက်၍ ဆေးဝါးများကို ပေးအပ်လှူဒါန်းသည်။

ကျေးဇူးတင်စကားပြော

ရှေးဦးစွာ Royal Ruby Co., Ltd. မိသားစုက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ငွေကျပ်တစ်သိန်းခုနစ်ထောင်တန်ဖိုးရှိ ဆေးဝါးများကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက လက်ခံ၍ မှတ်တမ်းတင်ဂုဏ်ပြုလွှာကို ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။

အလားတူ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ကျန်းမာရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ဗိုလ်မှူးချုပ်စည်သူတင်ဖေ(အငြိမ်းစား)၊ ဒေါ်သိန်းဆိုင်(မမြတ်လေး)မိသားစုက မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ လာရောက်၍ အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ ဗိုလ်မှူးချုပ်စည်သူတင်ဖေ(အငြိမ်းစား)၊ ဒေါ်သိန်းဆိုင်(မမြတ်လေး)မိသားစုက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း **(အပေါ်ပုံ)**က လက်ခံ၍ မှတ်တမ်းတင် ဂုဏ်ပြုလွှာကို ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါပေးအပ်ပွဲများသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် အမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တပ်မတော်အရာရှိကြီးများလိုက်ပါလျက် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာပြီး ပဲခူးမြို့ အင်းတကော်ကျေးရွာအုပ်စု သာယာကုန်းကျေးရွာရှိ နယ်မြေခံတပ်ရင်းသို့ ရောက်ရှိ၍ ပဲခူးတပ်နယ်ရှိ နယ်မြေခံတပ်ရင်းများ၏ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲသို့ တက်ရောက် အားပေးချီးမြှင့်သည်။

စိုက်ပျိုးပြီးစီးမှု

ရှေးဦးစွာ ယာယီရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေအား ပဲခူးတပ်နယ်မှ တပ်နယ်မှူး ဗိုလ်မှူးကျော်ကျော်ဝင်းက ပဲခူးတပ်နယ်ရှိ နယ်မြေခံတပ်ရင်းများ၌ ခြံစည်းရိုးကြက်ဆူပင် ဧက ၆၀၀ စိုက်ပျိုးရန် လျာထားမှု၊ မျိုးစေ့ဖြင့်စိုက်ပျိုးပြီးဧက ၂၆၀ နှင့် မျိုးကိုင်းဖြင့် စိုက်ပျိုးပြီး ၁၂၁ ဧက အပါအဝင် စုစုပေါင်း ၃၈၁ ဧက စိုက်ပျိုးပြီးစီးမှု၊ ကျန်ရှိသောဧက ၂၆၀ အားစိုက်ပျိုးရန် ဆက်လက်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဒုတိယ တိုင်းမန်နေဂျာ ဦးတင်မောင်ဝင်းက ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက သတ်မှတ်လျာထားချက်နှင့်အညီ ပြည့်မီကျော်လွန်အောင် စိုက်ပျိုးရေးနှင့် စိုက်ပျိုးပြီး ခြံစည်းရိုးကြက်ဆူပင်များ ရှင်သန်ဖြစ်ထွန်းအောင်မြင်ရေးတို့ကို မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲသို့ တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများအား ခြံစည်းရိုးကြက်ဆူပင်များကို ဝေငှပေးသည်။

ဝေငှပေး

ဆက်လက်၍ အမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တာဝန်ရှိသူများကလည်း ခြံစည်းရိုးကြက်ဆူပင်များကို ဝေငှပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် ခြံစည်းရိုးကြက်ဆူပင်ကို အမှတ်တရ စိုက်ပျိုးပေးသည်။

အမှတ်တရစိုက်ပျိုး

ဆက်လက်၍ တပ်မမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တာဝန်ရှိသူများကလည်း ခြံစည်းရိုးကြက်ဆူပင်များကို အမှတ်တရ စိုက်ပျိုးပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ပဲခူးတပ်နယ်ရှိ နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များမှအရာရှိ၊ စစ်သည်နှင့် မိသားစုများက သတ်မှတ်နေရာအသီးသီးတွင် ခြံစည်းရိုးကြက်ဆူပင်များ တပျော်တပါးစိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို မှာကြားသည်။

အောင်မြင်ဖြစ်ထွန်း

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ပဲခူးမြို့နယ် သာယာကုန်းကျေးရွာအုပ်စုရှိ နယ်မြေခံတပ်ရင်း၌ အောင်မြင်ဖြစ်ထွန်းနေသော ခြံစည်းရိုးကြက်ဆူပင် ၁၀၄ ဧကရှိ အပင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**

ဇူလိုင် ၈ ရက်က တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်ရှိ သာသနာ့ဗေယျ မင်္ဂလာပရိယတ္တိစာသင်တိုက်ကြီးတွင် (၁၂)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပရာ ပဓာန နာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညိန္ဒထံ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်သူ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း မွန်တီနီဂရိုးနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၁၃

၂၀၀၇ ခုနှစ် ဇူလိုင် ၁၃ ရက်တွင်ကျရောက်သည့် မွန်တီနီဂရိုးသမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ မွန်တီနီဂရိုးသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာမီလန်ရိုစန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ကျိုက်ပိကျောင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၂

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ကျောက်ကုန်း မဟာဗောဓိလမ်း မဟာဓမ္မိကာရုံ ပရိယတ္တိ စာသင်တိုက် (ကျိုက်ပိ)ကျောင်း၌ ဝါကပ်တော်မူကြမည့် ပဓာနနာယက ဘဒ္ဒန္တ ဂုဏသန နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ဒုတိယဥက္ကဋ္ဌ) အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ အမှူးပြုသော စာချစာသင် သံဃာတော်အရှင်မြတ် ၁၄၀ ကျော်တို့အား သာသနာ့အကျိုးတော်ဆောင်အဖွဲ့က ကြီးမှူးပြီး ဒုတိယဝါဆိုလပြည့် (ဇူလိုင် ၂၉ ရက်) တနင်္ဂနွေနေ့ မွန်းလွဲ ၁ နာရီတွင် ဝါဆိုသင်္ကန်း၊ ဆွမ်းဆန်တော်၊ ဆီ၊ ဆား စသော လှူဖွယ်ဝတ္ထုအစုစု စုပေါင်းကပ်လှူပူဇော်ပွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်ဟောင်း ကွယ်လွန်ခြင်းအတွက်ဝမ်းနည်းကြောင်း ဒုတိယဝန်ကြီးဦးမောင်မြင့် လက်မှတ်ရေးထိုး

ရန်ကုန် ဇူလိုင် ၁၂

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ အိန္ဒိယသမ္မတနိုင်ငံ သံရုံးသို့ သွားရောက်၍ ၂၀၀၇ ခုနှစ် ဇူလိုင် ၈ ရက်တွင် ကွယ်လွန်သွားသော အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်ဟောင်း Mr. Chandra Shekhar အတွက် ဖွင့်လှစ်ထားသည့် ဝမ်းနည်းကြောင်း အထိမ်းအမှတ်စာအုပ်တွင် လက်မှတ်ရေးထိုးသည်။

(ယာပုံ) (သတင်းစဉ်)

"SME Criteria & Productivity Awareness in Myanmar" သင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၁၂

ဂျပန်နိုင်ငံ Asian Productivity Organization နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တို့ ပူးပေါင်း၍ SME Criteria & Productivity Awareness in Myanmar သင်တန်းကို ဇူလိုင် ၂၃ ရက်မှ ၂၆ ရက်အထိ ရန်ကုန်မြို့ ဗိုလ်ဆွန်ပက်လမ်းရှိ UMFCCI Training Centre ၌ နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအတွင်း အချိန်ပြည့် သုံးရက်နှင့် နေ့တစ်ဝက် ကျင်းပမည် ဖြစ်သည်။ အသက် ၂၀ မှ ၆၀ အတွင်းရှိ အင်္ဂလိပ်စာ ကျွမ်းကျင်စွာ ရေးသားပြောဆိုနိုင်ပြီး SME ဘာသာရပ်ကို စိတ်ပါဝင်စားသူ UMFCCI အသင်းဝင်များ၊ ညီနောင်အသင်းအဖွဲ့များမှ အသင်းဝင်များနှင့် အသင်းဝင်ကုမ္ပဏီများမှ ဝန်ထမ်းများ တက်ရောက်နိုင်ကြသည်။ အသေးစိတ်သိလိုပါက အမှတ်(၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ရှိ UMFCCI Office Tower ဖုန်း-၂၁၄၃၄၄မှ ၂၁၄၃၄၉ တို့သို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

NLD ပါတီခေါင်းဆောင်များ၏ ကိုယ်ကျိုးရှာလုပ်ရပ်များကို စိတ်ပျက်လာ အရာတော်မြို့နယ်မှ ပါတီဝင် ၁၁ ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် ဇူလိုင် ၁၂

စစ်ကိုင်းတိုင်း အရာတော်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဝါးတောမကျေးရွာနေ ဦးရာသောင်း၊ ကိုင်းကျေးရွာနေ ဦးခင်မောင်၊ ဒေါ်စိန်ရွှေ၊ ဦးတက်ပွား၊ ဒေါ်သိန်းလွင်၊ ဦးညွန့်လွင်၊ ဦးသိန်းဝင်း၊ ဦးမြင့်ဆွေ၊ ဒေါ်သိန်းအေး၊ ဒေါ်ကြွေနှင့် ဦးဖိုးညွှာတို့သည် ဇွန် ၁၉ ရက်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ ၎င်းတို့ဆန္ဒအလျောက် နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင် အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

စစ်ကိုင်းတိုင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် ၎င်းတို့သည် NLD ပါတီခေါင်းဆောင်များ၏ ကိုယ်ကျိုးရှာလုပ်ရပ်များကို စိတ်ပျက်လာကြောင်း၊ နိုင်ငံနှင့် လူမျိုးအကျိုး ပျက်စီးရာ ပျက်စီးကြောင်းအတွက် NLD ပါတီ၏လုပ်ရပ်များကြောင့် ပါတီဝင်အဖြစ် ဆက်လက်ပါဝင်လိုစိတ် မရှိတော့သဖြင့် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

မုဒ္ဒံအသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၁၂

မုဒ္ဒံအသင်း(ရန်ကုန်)၏ နဝမအကြိမ် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲကို ဇူလိုင် ၂၂ ရက်(တနင်္ဂနွေနေ့) ဒုတိယဝါဆိုလဆန်း ၈ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် နှင်းဆီကုန်း ဘိုးဘွားရိပ်သာ သီရိရတနာခန်းမ၌ ပင့်သံဃာ ၁၀ ပါးတို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို စုပေါင်းဆက်ကပ်လှူဒါန်းကြမည် ဖြစ်သည်။ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဖုန်း-၅၇၀၈၈၂၊ ၅၈၅၃၀၂၊ ၅၃၉၄၅၃၊ ၅၃၈၇၂၁၊ ၂၉၄၃၅၉ နှင့် ၅၃၇၃၆၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ အသင်းဝင်များ သင်္ကန်း၊ ထီး၊ ဖိနပ်စသည့် လှူဖွယ်ပစ္စည်းများကို ဝယ်ယူလှူဒါန်းနိုင်ကြရန် သင်္ကန်းပရိက္ခရာအရောင်းဆိုင်တစ်ဆိုင်ကိုလည်း အခမ်းအနားကျင်းပသည့်နေ့၊ ကျင်းပသည့်နေရာတွင် ဖွင့်လှစ်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

အမျိုးသားအကျိုးစီးပွားအတွက် တစ်မျိုးသားလုံးညီညွတ်ကြပါစို့

ယခုလာမည့် ဇူလိုင်လ ၁၉ ရက်နေ့ဆိုလျှင် လွတ်လပ်ရေး ဖခင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည်မှာ နှစ်ပေါင်း ၆၀ တိတိ ပြည့်မြောက်တော့မည် ဖြစ်ပါသည်။ လွတ်လပ်ရေး ဖခင်ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည်မှာ နှစ်ကာလကြာမြင့်ပြီဖြစ်သော်လည်း ကျွန်တော်တို့ မြန်မာနိုင်ငံသားအားလုံးက ဗိုလ်ချုပ်နှင့် အာဇာနည်ခေါင်းဆောင်ကြီးများကို ဘယ်တော့မှ မေ့ပျောက်နိုင်ကြမည်မဟုတ်ပါ။ ရက်ရက်စက်စက် လုပ်ကြံသတ်ဖြတ်ခံရချိန်တွင် ဗိုလ်ချုပ်၏ အသက်မှာ (၃၂)နှစ်သာရှိပါသေးသည်။ ဗိုလ်ချုပ်၏အရည်အချင်း၊ ဗိုလ်ချုပ်၏ စိတ်ဓာတ်၊ ဗိုလ်ချုပ်၏ အသက်အရွယ်အရဆိုလျှင် ဗိုလ်ချုပ်သည် မြန်မာအမျိုးသား အကျိုးစီးပွားအတွက် များစွာအလုပ်လုပ်နိုင်ပါသေးသည်။ ထို့ကြောင့် ဗိုလ်ချုပ် လုပ်ကြံသတ်ဖြတ်ခံရခြင်းသည် နိုင်ငံနှင့် လူမျိုးအတွက် တန်ဖိုးမဖြတ်နိုင်သော ဆုံးရှုံးမှုကြီးဖြစ်ပါသည်။

ဗိုလ်ချုပ်နှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ရက်စက်စွာ လုပ်ကြံခံရခြင်းအကြောင်းရင်းမှာ မြန်မာအမျိုးသားအချင်းချင်း စိတ်ဝမ်းကွဲကြပြီး အမျိုးသားညီညွတ်ရေး ပျက်ပြားခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ ဤသို့ အမျိုးသားညီညွတ်ရေးပျက်ပြားအောင် အင်္ဂလိပ်နယ်ချဲ့တို့က သွေးထိုးပေးခဲ့ပြီး ဗိုလ်ချုပ်နှင့် အာဇာနည် ခေါင်းဆောင်ကြီးများအား လုပ်ကြံသတ်ဖြတ်ရန်လည်း အင်္ဂလိပ်တို့ကပင် အားပေးကူညီခဲ့ခြင်းဖြစ်ပါသည်။

လက်နက်တိုက် (B.O.D) မှ လက်နက်များ ထုတ်ယူနိုင်ရန် တံဆိပ်နှိပ်ပြီးသားပုံစံများကို ကပ္ပတိန် ဗီဗီယန်းက ဦးစောနေအိမ်သို့ ကိုယ်တိုင်ပို့ခဲ့ပါသည်။ ထိုလက်မှတ်ဖြင့် ၁၉၄၇ ခုနှစ် ဇွန်လ ၂၄ ရက်နေ့တွင် ဗိုလ်တထောင်လက်နက်တိုက်မှ ဘရင်းဂန်း အလက် ၂၀၀၊ ပြောင်းပို ၂၀၀၊ ကျည်ကပ် ၈၀၀ တို့ကို ဦးစောနေအိမ်သို့ လော်ရီကားဖြင့် သယ်ယူခဲ့ကြသည်။ ဇူလိုင်လ ၁ ရက်နေ့တွင် မင်္ဂလာဒုံအခြေစိုက် အင်္ဂလိပ်ခဲယမ်းမီးကျောက်တပ်မှ ဘရင်းဂန်းတွင် အသုံးပြုနိုင်သော ပွိုင့် ၃၀၃ ကျည်ဆန် တစ်သိန်း၊ စတင်းဂန်းကျည်ဆန် ၂၅၆၀၀၊ လက်ပစ်ဗုံးအလုံး၂၀၀ တို့ကို ဦးစောက ထပ်မံရရှိခဲ့ပါသည်။ ဤမျှ များပြားလှသော လက်နက်ခဲယမ်းမီးကျောက်များကို ဦးစောကရရှိခဲ့ခြင်းသည် မေဂျာယန်း၊ ကပ္ပတိန်ဗီဗီယန်းစသော ဗိုလ်မှူး၊ ဗိုလ်ကြီးအဆင့်လောက်နှင့် မဖြစ်နိုင်ပါ။ အင်္ဂလိပ်စစ်တပ်မှ ထိပ်တန်း စစ်ဘက်အရာရှိကြီးများ ပါဝင်ပတ်သက်နေသည်မှာ ထင်ရှားလှပါသည်။

ထိုအတောအတွင်း အင်္ဂလိပ်စစ်တပ်မှ ဘရင်းဂန်းအလက် ၂၀၀ ပျောက်ဆုံးသွားကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းအား လုပ်ကြံသတ်ဖြတ်ရန် အင်္ဂလိပ်များနှင့် ပြည်တွင်းသစ္စာဖောက်များက လျှို့ဝှက်ကြံစည်နေကြောင်း သတင်းများပျံ့နှံ့နေသည်။ အင်းလျားကန်စောင်း အေဒီလမ်းရှိ ဦးစောနေအိမ်တွင်လည်း လူအဝင်အထွက် များနေသည်။ လူများ စုမိနေသည်။

ငါးမင်းဆွေ

အမျိုးသားအကျိုးစီးပွားတစ်ရပ်လုံး များစွာ ထိခိုက်နစ်နာခဲ့ရပါတော့သည်။

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံသည် လွတ်လပ်ရေးကြီးကို ရရှိခဲ့ပါသည်။ သို့သော် ရရှိလာသော လွတ်လပ်ရေးကို အတုအယောင်လွတ်လပ်ရေးဟုဆိုကာ ၁၉၄၈ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် ဗမာပြည်ကွန်မြူနစ်ပါတီက တောခိုသွားခဲ့ပြီး ပြည်တွင်းတွင် စစ်မီးကြီး စတင် တောက်လောင်ခဲ့ရပါသည်။ ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ)၏ လုပ်ရပ်ကြောင့် လွတ်လပ်ပြီးစ မြန်မာနိုင်ငံသည် အမျိုးသားညီညွတ်ရေး ပျက်ပြားခဲ့ပြီး ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များစွာ ဆုံးရှုံးကာ အမျိုးသားအကျိုးစီးပွား လွန်စွာ အထိနာခဲ့ရပါသည်။

၁၉၅၈ ခုနှစ် ရောက်သောအခါ အာဏာရ ဖဆပလပါတီကြီးသည် မညီမညွတ်ဖြစ်ပြီး နှစ်ခြမ်းကွဲသွားပြန်ပါသည်။ ထိုသို့ ဖဆပလပါတီကြီး နှစ်ခြမ်းကွဲသွားခြင်းသည် အမျိုးသားညီညွတ်ရေး အင်အားစုကြီးပြိုကွဲသွားခြင်းပင် ဖြစ်ပါသည်။ ဖဆပလပါတီ နှစ်ခြမ်းကွဲသွားခြင်းနှင့်အတူ ထိုစဉ်က နိုင်ငံရေးအခြေအနေများသည် နိုင်ငံတော်ကြီးပြိုကွဲရန်အခြေအနေအထိ ဖြစ်လာစေခဲ့ပါသည်။ ထို့ကြောင့် တပ်မတော်က ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် နိုင်ငံတော်အာဏာကို ထိန်းသိမ်းခဲ့ရပြီး တော်လှန်ရေးကောင်စီကို ဖွဲ့စည်းခဲ့ရပါသည်။ တော်လှန်ရေးကောင်စီအစိုးရသည် အမျိုးသားညီညွတ်ရေးအတွက် တောခိုလက်နက်ကိုင်သောင်းကျန်းနေသော ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြုလုပ်ခဲ့ပါသည်။ သို့သော် ထိုငြိမ်းချမ်းရေး ဆွေးနွေးပွဲများမှာ မအောင်မြင်ဘဲ ပျက်ပြားခဲ့ရပါသည်။ တော်လှန်ရေးကောင်စီအစိုးရသည် ပုဂ္ဂလိကပိုင် စီးပွားရေးလုပ်ငန်းများကို လက်လီအရောင်းဆိုင်ပါမကျန် ပြည်သူပိုင် သိမ်းခဲ့ကြသည်။ ထိုလုပ်ဆောင်ချက်သည် နိုင်ငံ၏ စီးပွားရေးကို အထိနာစေခဲ့ပြန်ပါသည်။

တော်လှန်ရေးကောင်စီအစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို ရေးဆွဲပြီး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ပြုလုပ်ကာ ၁၉၇၄ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပါသည်။ ထိုဖွဲ့စည်းပုံအခြေခံဥပဒေအရ တစ်ပါတီစနစ်ကျင့်သုံးပြီး နိုင်ငံတော်ကို အုပ်ချုပ်ခဲ့ပါသည်။ အာဏာရမြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသည် လက်နက်ကိုင်သောင်းကျန်းနေသော ဗမာပြည်ကွန်မြူနစ်ပါတီ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးတည်ဆောက်နိုင်ခြင်း မရှိခဲ့ပါ။ ဗမာပြည်ကွန်မြူနစ်ပါတီနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် နယ်စပ်ဒေသများကို အခြေပြုကာ ပြည်ပနိုင်ငံများ၏ အားပေးကူညီမှုဖြင့် နိုင်ငံတော်ကို ဆန့်ကျင်ပုန်ကန်ခဲ့ကြပါသည်။ ထိုစဉ်က မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသည် ဗဟိုမှချုပ်ကိုင်သော ပြည်သူပိုင်စီးပွားရေးစနစ်ကို ကျင့်သုံးခဲ့သည်။ ဤသို့ အမျိုးသား အကျိုးစီးပွားအတွက် ဈေးကွက်စီးပွားရေးစနစ်ကို မကျင့်သုံးခဲ့ခြင်း၊ အမျိုးသားညီညွတ်ရေးကို မတည်ဆောက်နိုင်ခဲ့ခြင်းတို့ကြောင့် မြန်မာနိုင်ငံသည် ကမ္ဘာ့ဖွံ့ဖြိုးမှုအနိမ့်ကျဆုံး (LDC) နိုင်ငံအဆင့်သို့ ရောက်ခဲ့ရပါသည်။

ထိုသို့အခက်အခဲများ အဘက်ဘက်မှဖြစ်ပေါ်နေစဉ် **မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရသည် နိုင်ငံတော်အတွင်း တရားဝင်လှည့်ပတ်သုံးစွဲနေသော ငွေကြေးများကို တရားမဝင်ငွေကြေးများ အဖြစ်ကြေညာလိုက်သောအခါ ပြည်သူလူထုတစ်ရပ်လုံးက မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရအပေါ် လုံးဝအယုံအကြည်မရှိ၊ လုံးဝလိုလားခြင်း မရှိတော့ဘဲ နောက်ဆုံး ပါတီကောင်စီ အလိုမရှိဟု ကြွေးကြော်ကာ**

ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီး မယ်ဒလင်းအောဘရိုက်သည် မြန်မာနိုင်ငံသို့ ရောက်ရှိလာပြီး ဒေါ်စုကြည်နှင့် နှစ်ယောက်ချင်း ခေါင်းချင်းဆိုင် တိုင်ပင်ခဲ့ကြသည်။ မယ်ဒလင်းအောဘရိုက် ပြန်သွားပြီး မကြာမီမှာပင် ဒေါ်စုကြည်၏ တစ်ချက်လွှတ်အမိန့်ဖြင့် ၁၉၉၃ ခုနှစ် ဇန်နဝါရီလမှ စတင်ကျင်းပခဲ့သည့် အမျိုးသားညီလာခံကြီးသို့ တက်ရောက်နေခဲ့ကြသော NLD ကိုယ်စားလှယ်များ အမျိုးသားညီလာခံကြီးမှ ထွက်ခွာ လာခဲ့ကြရသည်။ ဒေါ်စုကြည်၏ အမျိုးသားညီလာခံကြီးကို ထိုးနှက်တိုက်ခိုက်လိုက်သော ဤလုပ်ရပ်သည် အမျိုးသားညီညွတ်ရေးကို ဖျက်ဆီးလိုက်ခြင်းဖြစ်သလို ဒေါ်စုကြည်သည်လည်း တိုင်းတစ်ပါးလက်ပါးစေဘဝသို့ လုံးလုံးလျားလျား ရောက်ခဲ့ရပါတော့သည်။

၁၉၄၆ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ဗြိတိသျှ အောက်လွှတ်တော်က ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ဘုရင်ခံ အမှုဆောင်ကောင်စီကို ဗြိတိသျှအစိုးရနှင့် ဆွေးနွေးရန် လန်ဒန်သို့ ဖိတ်ခေါ်ခဲ့ပါသည်။ လွတ်လပ်ရေးအတွက် တောင်းဆိုဆွေးနွေးရန် လန်ဒန်သို့ သွားရောက်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အင်္ဂလိပ်ဘုရင်ခံက ၎င်းတို့၏ အလိုတော်ရိများဖြစ်သော ဦးစော၊ သခင်ဗစိန်တို့ကို ထည့်သွင်းစေလွှတ်ခဲ့ပါသည်။ ထိုနှစ်ဦးက လန်ဒန်ဆွေးနွေးပွဲတွင် ကဖျက်ယဖျက်လုပ်ကြပါသည်။ ဦးစောက လွတ်လပ်ရေးကိုမလိုချင်ဘဲ ဒိုမီနီယံအုပ်ချုပ်ရေးကိုသာ လိုလားသည်ဟုဆိုပါသည်။ ထို့ပြင် လွတ်လပ်ရေးပေးရန်အတွက် အောင်ဆန်း-အက်တလီစာချုပ် ချုပ်ဆိုသောအခါ ထိုနှစ်ဦးက လက်မှတ်မထိုးခဲ့ကြပါ။ သို့သော် အောင်ဆန်း-အက်တလီစာချုပ်အရ ပင်လုံညီလာခံတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံက လွတ်လပ်ရေးအတွက် တပေါင်းတစည်းတည်း ကြိုးပမ်းသွားရန် ပင်လုံစာချုပ် ချုပ်ဆိုလိုက်သောအခါ အင်္ဂလိပ်နယ်ချဲ့တို့သည် အရှုံးကို အထိုးခံရသလို ဖြစ်သွားရသည်။

၁၉၄၇ ခုနှစ် မေလတွင် ကျင်းပသည့် ဖဆပလပြင်ဆင်မှု ပဏာမညီလာခံနှင့် ဇွန်လတွင်ကျင်းပသည့် တိုင်းပြုပြည်ပြုလွှတ်တော် အစည်းအဝေးတို့မှ လုံးဝလွတ်လပ်ရေးရယူရန် ဆုံးဖြတ်အတည်ပြုလိုက်သောအခါ မြန်မာနိုင်ငံကို ဒိုမီနီယံအဆင့်မှာထားရေး၊ လုံးဝ လွတ်လပ်ရေးရယူသော်လည်း ဗြိတိသျှနေသဟာယထဲတွင်ထားရှိရေး စသည့် အင်္ဂလိပ်နယ်ချဲ့တို့၏ စိတ်ကူးယဉ်အိပ်မက် လုံးဝပျက်ပြယ်သွားတော့သည်။

ဤတွင် အင်္ဂလိပ်နယ်ချဲ့တို့အဖို့ ရွေးစရာအခြားလမ်းမရှိတော့ဘဲ အကြမ်းဖက်၍ မိမိတို့လက်ပါးစေ ဦးစောကို ခေါင်းဆောင်တင်ရန်သာ ရှိတော့သည်။ ဦးစောအဖို့ လွတ်လပ်ရေးရရှိရန် အချိန်နီးကပ်လာပြီဖြစ်သော်လည်း နိုင်ငံရေးတွင် မိမိအတွက် နေရာရရှိရန် အလားအလာမရှိသည်ကို သိလာသည်။ ပြည်သူလူထုကလည်း ဖဆပလမှတစ်ပါးအခြားမည်သူ့ကိုမျှ အာဏာပေးမည်မဟုတ်သည်ကို ဦးစောတွက်မိသည်။ ထို့ကြောင့် အာဏာကို အင်္ဂလိပ်နယ်ချဲ့ အားကိုးပြီး အကြမ်းဖက်သည့်နည်းဖြင့် ရယူရန် ကြိုးစားအားထုတ်လာတော့သည်။

၁၉၄၆ ခုနှစ်ဦးပိုင်းကပင် ဦးစောသည် အင်္ဂလိပ်စစ်တပ်မှ တပ်မှူးတစ်ဦးဖြစ်သော မေဂျာယန်းထံမှ ဆပ်မရှင်းဂန်းတစ်လက်၊ ကာဘိုင်သုံးလက်၊ စတင်းတစ်လက်၊ တော်မီဂန်းနှစ်လက်၊ လူဂါ ပစ္စတိုတစ်လက်၊ ခြောက်လုံးပြူးတစ်လက်နှင့် ကျည်ဆန်များရရှိခဲ့ပါသည်။ ဗိုလ်တထောင်

ဗိုလ်ချုပ်ကလည်း သူ၏ကံကြမ္မာဆိုးကို ကြိုတင်မှန်းဆ ထားပုံရသည်။ အင်္ဂလိပ်ဘုရင်ခံ ဒေါ်မန်စမစ်နှင့် တွေ့ဆုံရာတွင် ဗိုလ်ချုပ်က "အမျိုးသားသူရဲကောင်းတစ်ယောက်ဟာ ဒီတိုင်းပြည်မှာ သိပ်တာရှည်မခံဘူး၊ ရန်သူများတယ်၊ အများဆုံးသုံးနှစ်ပဲခံမယ်၊ ကျွန်တော့်အတွက်တော့ နောက် ၁၈ လထက် မပိုဘူးလို့ ယူဆပါတယ်"ဟု ပြောဆိုခဲ့ပါသည်။ သို့ရာတွင် ထောက်လှမ်းရေး တာဝန်ယူသူများ၊ လုံခြုံရေးတာဝန်ရှိသူများက ထိရောက်သော လုံခြုံရေးဆောင်ရွက်မှုများကို မပြုလုပ်နိုင်ခဲ့ကြပေ။

အင်္ဂလိပ်စစ်တပ်မှ လက်နက်ခဲယမ်းမီးကျောက်များ ဦးစောရရှိသွားသည်ကို ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖဆပလ ခေါင်းဆောင်များ သိရှိသွားပြီး ဇူလိုင်လ ၁၆ ရက်နေ့တွင် ဗိုလ်ချုပ်နှင့် ဦးနုတို့က အင်္ဂလိပ်ဘုရင်ခံထံ သွားရောက်ပြီး ထိုအကြောင်းကို တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ အင်္ဂလိပ်စစ်တပ်မှ လက်နက်များ ခိုးထုတ်သွားသည့်ကိစ္စကို ဇူလိုင်လ ၁၉ ရက်နေ့တွင် ဝန်ကြီးအဖွဲ့ အထူးအစည်းအဝေးပြုလုပ်ပြီး ဆွေးနွေးကြမည် ဖြစ်ပါသည်။ ထိုလက်နက်ကိစ္စတွင် သင်္ကာမကင်းခံရသူမှာ ဦးစောပင် ဖြစ်ပါသည်။ ထိုအစည်းအဝေးအကြောင်းကို ဦးစောသည် ဇူလိုင်လ ၁၈ ရက်နေ့ညမှာပင် သတင်းအတိအကျရရှိသွားခဲ့သည်။ ထို့ကြောင့် ဦးစောသည် ထိုနေ့ည ၉ နာရီတွင် သူ့တပည့်များကိုခေါ်ပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ဝန်ကြီးများကို လုပ်ကြံရန် စေခိုင်းလိုက်ပါတော့သည်။

ခင်မင်လေးစားအပ်ပါသော စာဖတ်ပရိသတ်များခင်ဗျား။ ဗိုလ်ချုပ်နှင့် အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံသတ်ဖြတ်ခြင်းခံရသော အထက်ပါအကြောင်းအရာများသည် ကိုသန်း(ကြည့်မြင်တိုင်) ရေးသားသော **"ကိုယ်တွေ့သိခဲ့ရသမျှ နိုင်ငံတော်လုပ်ကြံမှုကြီး"** စာအုပ်မှ ထုတ်နုတ်တင်ပြခြင်းဖြစ်ပါသည်။ **ထိုစဉ်က ကျွန်တော်တို့ မြန်မာတိုင်းရင်းသားများသည် မိမိတို့အား နှစ်ပေါင်းတစ်ရာကျော် ကုပ်သွေးစုပ်ခဲ့သော အင်္ဂလိပ်နယ်ချဲ့လက်အောက်မှ ညီညီညွတ်ညွတ်ဖြင့် ရုန်းထွက်ပြီး ပြာပုံဖြစ်ခဲ့ရသော နိုင်ငံတော်ကို ပြန်လည်ထူထောင်ဖို့ ကြိုးစားခဲ့ကြပါသည်။ သို့ရာတွင် အင်္ဂလိပ်နယ်ချဲ့တို့၏ သပ်လျှိုသွေးခွဲခြင်းကြောင့် အမျိုးသားညီညွတ်ရေးပျက်ပြားခဲ့ရပြီး အင်္ဂလိပ်နယ်ချဲ့လက်ပါးစေ ဦးစောက ဗိုလ်ချုပ်နှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား လုပ်ကြံသတ်ဖြတ် ခံလိုက်ရသည်အထိ အဖြစ်ဆိုးသွားခဲ့ရပါသည်။ အင်္ဂလိပ်နယ်ချဲ့တို့သည် ဦးစောကို လက်ပါးစေအဖြစ် မွေးမြူပြီး နိုင်ငံတော်လုပ်ကြံမှုကြီးဖြစ်အောင် အကွက်ဆင်ဖန်တီးကာ အားပေးကူညီခဲ့ကြသည်။ အင်္ဂလိပ်နယ်ချဲ့တို့ကြောင့် အမျိုးသားညီညွတ်ရေး ပျက်ပြားခဲ့ရပြီး နိုင်ငံတော်ခေါင်းဆောင်ကြီးများ လုပ်ကြံခံရကာ**

အမျိုးသားအကျိုးစီးပွားကို

လွတ်လပ်ရေး ကြိုးပမ်းမှုကာလဖြစ်သော ၁၉၄၆-၁၉၄၇ မှ

သည် တိုင်းတစ်ပါးလက်ပါးစေ၊ တိုင်းတစ်ပါးသြဇာခံများဖြစ်ခဲ့ခြင်း

အမျိုးမျိုး တွေ့ကြုံခံစားခဲ့ကြရသည်။ အချို့သော မြန်မာနိုင်ငံသား

သည်။ ဤသည်မှာ အလွန်တရာဝမ်းနည်းဖွယ်ရာဖြစ်ပါသည်။ အ

ကွဲကြပါစေ အမျိုးသားအကျိုးစီးပွားအတွက် ညီညွတ်ကြရပါမည်။ မ

မလုပ်သင့်ပါ။ ဒေါ်စုကြည်နှင့် NLD တို့၏ အမျိုးသားညီညွ

သဘောပေါက် သိရှိလာသော NLD ပါတီဝင်တို့သည် အမျိုးသား

နုတ်ထွက်လျက်ရှိနေပါသည်။

လမ်းမပေါ်ထွက်လာကြပြီး ၁၉၈၈ အရေးအခင်း ပေါ်ပေါက်ခဲ့ရပါသည်။ အကယ်၍သာ ထိုစဉ်က လမ်းစဉ်ပါတီအစိုးရသည် ၁၉၈၀ ပြည့်နှစ်လောက်ကစတင်၍ ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲကျင့်သုံးပြီး ပြည်တွင်းငြိမ်းချမ်းရေးကိုတည်ဆောက်နိုင်ခဲ့ပါက ၁၉၈၈ အရေးအခင်းပေါ်ပေါက်လာစရာ အကြောင်းမရှိပါ။ ၁၉၈၀ ပြည့်နှစ်လောက်ကသာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရသည် အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်ပြီး အမျိုးသားညီညွတ်ရေးကို တည်ဆောက်နိုင်ခဲ့ပါက ယနေ့အချိန်တွင် ကျွန်တော်တို့ မြန်မာနိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်လာနေသော တရုတ်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့ထက်ပင် ခေတ်မီဖွံ့ဖြိုးတိုးတက်နေလောက်ပါပြီ။

၁၉၈၈ အရေးအခင်းပေါ်ပေါက်ခဲ့ခြင်းကြောင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသည်လည်း ပြိုလဲသွားခဲ့သည်။ ထိုအခါနိုင်ငံတော်၏ တစ်ခုတည်းသောအင်အားစုကြီးဖြစ်သော တပ်မတော်သည် ပြည်ထောင်စုကြီးမပြိုကွဲရေးအတွက် မြန်မာ့နိုင်ငံရေးကို ဦးဆောင်ဦးရွက် ပြုခဲ့ရပါသည်။ တပ်မတော်အစိုးရသည် အမျိုးသားအကျိုးစီးပွားအတွက် ဈေးကွက်စီးပွားရေးစနစ်ကို အကောင်အထည်ဖော်ပေးခဲ့သည်။ ပြည်သူများလိုလားသော ပါတီစုံစနစ်အတွက် နိုင်ငံရေးပါတီများကို ထူထောင်ခွင့်ပေးခဲ့သည်။ ၁၉၉၀ ပြည့်နှစ်တွင် ပါတီစုံရွေးကောက်ပွဲကြီးကို တရားမျှတစွာ ကျင်းပပေးခဲ့သည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးပြီး ငြိမ်းချမ်းရေး တည်ဆောက်နိုင်ခဲ့ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ရေးဆွဲပြဋ္ဌာန်းနိုင်ရန်အတွက် ၁၉၉၃ ခုနှစ် ဇန်နဝါရီလတွင် အမျိုးသားညီလာခံကြီး စတင်ကျင်းပခဲ့ပါသည်။

တပ်မတော်အစိုးရ၏ အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားညီညွတ်ရေးလုပ်ဆောင်ခဲ့မှုတို့ကြောင့် နိုင်ငံတော်တွင် စီးပွားရေးအခြေအနေများ တစ်ဟုန်ထိုး တိုးတက်လာပါသည်။ မြန်မာပြည်သူတို့၏ လူနေမှုအဆင့်အတန်းမြင့်မားလာသည်ကို တွေ့ကြရပါသည်။ မြို့ပြ အိမ်ရာသစ်များပေါ်ထွန်းလာပြီး တဲပေါ်မှ တိုက်ပေါ်သို့ ရောက်ရှိခဲ့ကြသည်။ စက်ဘီး၊ ဆိုက်ကားစီးရာမှ ကိုယ်ပိုင်ကား၊ ကိုယ်ပိုင်ဆိုင်ကယ်များ စီးလာနိုင်ကြသည်။ ၁၉၉၅ ခုနှစ်က ရန်ကုန်မြို့လယ်တွင် တိုက်ခန်းတစ်ခန်းကို လေးငါးသိန်းပေးလျှင် ဝယ်လို့ရလာသည်။ ကိုရိုလာဗင်ကားတစ်စီးကို သုံးလေးသိန်းနှင့် ဝယ်လာနိုင်ကြသည်။ အစိုးရဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများပင်လျှင် ကိုယ်ပိုင်ကားများ၊ ကိုယ်ပိုင်အိမ်ဝင်းများနှင့် ဖြစ်လာကြသည်။ ကျွန်တော်တို့ကဲ့သို့ ကျေးလက်တောသား စီးပွားရေးလုပ်ငန်းရှင်လေးများလည်း ရန်ကုန်မြို့သို့ ရောက်ရှိလာပြီး ကိုယ်ပိုင်အိမ်ရာမြေနှင့် ကိုယ်ပိုင်ကားများနှင့် ဖြစ်လာကြသည်။

ဤသို့ တပ်မတော်အစိုးရ၏ အမျိုးသားအကျိုးစီးပွားအတွက် လုပ်ဆောင်ခဲ့ခြင်းတို့ကြောင့် ၁၉၉၅ ခုနှစ်တွင် မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေကောင်းများ တိုးတက်ဖြစ်ထွန်းလာချိန်တွင် အမျိုးသားညီညွတ်ရေး ပိုမိုရရှိစေရန် NLD ပါတီခေါင်းဆောင် ဒေါ်စုကြည်ကို နေအိမ်တွင် ကန့်သတ်ထားရာမှ ကန့်သတ်ချက် ရုပ်သိမ်းပေးခဲ့ပါသည်။

ထိုစဉ်က ကျင်းပလျက်ရှိသော အမျိုးသားညီလာခံမှ ချမှတ်ခဲ့သော အခြေခံမူများထဲတွင် "နိုင်ငံတော်အတွင်း မည်သည့်နိုင်ငံခြားတပ်ဖွဲ့ကိုမျှ တပ်ချခွင့်မပြု"ဟူသော အခြေခံမူတစ်ချက် ပါရှိလာပါသည်။ ထိုအချက်ကြောင့် အာရှအင်အားကြီးနိုင်ငံများအလယ်တွင် တည်ရှိနေသော မြန်မာနိုင်ငံ၏ ပထဝီအနေအထားကို မျက်စိကျနေသည့် အနောက်အင်အားကြီးနိုင်ငံအတွက် အကျပ်ရိုက်သွားတော့သည်။ ထိုအခြေခံမူကြောင့် မြန်မာနိုင်ငံတွင် ရုပ်သေးအစိုးရတင်ပြီး ကြည်း၊ ရေ၊ လေ မရိန်းတပ်များ တပ်စွဲလိုသော အနောက်အင်အားကြီးနိုင်ငံ၏ စိတ်ကူးယဉ်အိပ်မက် ပျက်ပြယ်သွားရတော့သည်။ ထို့ပြင် ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီး မယ်ဒလင်းအောဘရိုက်သည် မြန်မာနိုင်ငံသို့ ရောက်ရှိလာပြီး ဒေါ်စုကြည်နှင့် နှစ်ယောက်ချင်း ခေါင်းချင်းဆိုင် တိုင်ပင်ခဲ့ကြသည်။ မယ်ဒလင်းအောဘရိုက်ပြန်သွားပြီး မကြာမီမှာပင် ဒေါ်စုကြည်၏ တစ်ချက်လွှတ်အမိန့်ဖြင့် ၁၉၉၃ ခုနှစ် ဇန်နဝါရီလမှ စတင်ကျင်းပခဲ့သည့် အမျိုးသားညီလာခံကြီးသို့ တက်ရောက်နေခဲ့ကြသော NLD ကိုယ်စားလှယ်များ အမျိုးသားညီလာခံကြီးမှ ထွက်ခွာလာခဲ့ကြရသည်။ ဒေါ်စုကြည်၏ အမျိုးသားညီလာခံကြီးကို ထိုးနှက်တိုက်ခိုက်လိုက်သော ဤလုပ်ရပ်သည် အမျိုးသားညီညွတ်ရေးကို ဖျက်ဆီးလိုက်ခြင်းဖြစ်သလို ဒေါ်စုကြည်သည်လည်း တိုင်းတစ်ပါးလက်ပါးစေဘဝသို့ လုံးလုံးလျားလျား ရောက်ခဲ့ရပါတော့သည်။

၁၉၉၅ ခုနှစ်မှစတင်၍ အရှိန်ရလာသော စီးပွားရေးကို အရှိန်အဟုန်မြှင့်တင်သည့်အနေဖြင့် ၁၉၉၆ ခုနှစ်တွင် မြန်မာ့ခရီးသွားနှစ် (Visit Myanmar Year) ပန်းခင်းကို ပျိုးထောင်ခဲ့ကြသည်။ Visit Myanmar Year ပန်းပျိုးခင်းသာ အောင်မြင်ပွင့်လန်းခဲ့ပါက ယခုအခါ ကျွန်တော်တို့နိုင်ငံသည် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမှ နှစ်စဉ်ဒေါ်လာသန်းထောင်ချီ၍ ရရှိနေမည် ဖြစ်ပါသည်။ သို့သော် ဒေါ်စုကြည်နှင့် NLD တို့က ကမ္ဘာလှည့်ခရီးသည်များ မြန်မာနိုင်ငံသို့ မလာရောက်ရန် တားဆီးခဲ့ကြသည်။ မြန်မာအမျိုးသား အကျိုးစီးပွားအတွက် လုပ်ဆောင်ခဲ့သော (Visit Myanmar Year) ပန်းပျိုးခင်းကို ဒေါ်စုကြည်နှင့် NLD တို့က နင်းခြေဖျက်ဆီးလိုက်ကြပါသည်။

ဒေါ်စုကြည်နှင့် NLD တို့သည် Visit Myanmar Year ပန်းပျိုးခင်းကို နင်းခြေဖျက်ဆီးရုံနှင့် အားမရကြသေးဘဲ တွေ့ဆုံဆွေးနွေးခြင်းမပြုလုပ်ပါက အလုံးစုံပျက်သုဉ်းသွားမည်ဟု ကြုံးဝါးလာကြပြန်ပါသည်။ မြန်မာနိုင်ငံအား စီးပွားရေးဒဏ်ခတ်ပိတ်ဆို့ရန် အနောက်အုပ်စုသို့ တောင်းဆိုခဲ့ကြသည်။ အနောက်အုပ်စု၏ စီးပွားရေးဒဏ်ခတ်ပိတ်ဆို့ခြင်းကြောင့် မြန်မာပြည်သူလူထု ထိခိုက်နစ်နာခဲ့ရပါသည်။ အနောက်အုပ်စု၏ စီးပွားရေးပိတ်ဆို့မှုကြောင့် အထည်ချုပ်လုပ်ငန်းတစ်ခုတည်းတွင်ပင် အလုပ်သမား ရှစ်သောင်းကျော် အလုပ်လက်မဲ့ဖြစ်ခဲ့ရသည်။ မြန်မာနိုင်ငံသည် ၂၀၀၁ ခုနှစ်က အထည်ချုပ်လုပ်ငန်းမှ ဒေါ်လာသန်း ၈၅၀ ဝင်ငွေရှိရာမှ ၂၀၀၆ ခုနှစ်တွင် ဒေါ်လာသန်း ၁၈၀ သာ ရရှိတော့သည်ဟု ဇွန်လ ၂၅ ရက်နေ့က VOA နှင့် RFA တို့က သတင်းထုတ်လွှင့်သွားပါသည်။ ဤသို့ ဒေါ်စုကြည်နှင့် NLD တို့၏ လုပ်ရပ်ကြောင့် မြန်မာနိုင်ငံ၏ အထည်ချုပ်လုပ်ငန်းများ ဆုတ်ယုတ်ပျက်စီးသွားရချိန်တွင် အိမ်နီးချင်းနိုင်ငံတို့၏ အထည်ချုပ်လုပ်ငန်းတို့မှာ တစ်ဟုန်ထိုးတိုးတက်ခဲ့ပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုလျှင် အထည်ချုပ်လုပ်ငန်း တစ်ခုတည်းမှ တစ်နှစ်လျှင် ဒေါ်လာသန်း ၉၀၀၀ ရရှိနေပါသည်။

၁၉၉၅ ခုနှစ်က ဒေါ်စုကြည်၏ တစ်ချက်လွှတ်အမိန့်ကြောင့် NLD ကိုယ်စားလှယ်များ အမျိုးသားညီလာခံကို ကျောခိုင်းသွားခဲ့ကြသဖြင့် အမျိုးသားညီလာခံကြီး ယာယီရပ်ဆိုင်းသွားရပြီး အမျိုးသားညီညွတ်ရေးကို ပျက်ပြားစေခဲ့ပါသည်။ ဒေါ်စုကြည်နှင့် NLD တို့၏ မြန်မာနိုင်ငံအပေါ် စီးပွားဒဏ်ခတ်ပိတ်ဆို့ရန် တောင်းဆိုခြင်းသည် အမျိုးသားအကျိုးစီးပွားကို ထိခိုက်စေခဲ့ပါသည်။ ထိုသို့ ဒေါ်စုကြည်နှင့် NLD တို့၏ အမျိုးသားညီညွတ်ရေးကို ပျက်ပြားအောင်လုပ်ခဲ့ခြင်း၊ အမျိုးသားအကျိုးစီးပွားကို ထိခိုက်အောင် လုပ်ခဲ့ခြင်းတို့ကြောင့် ၁၉၉၆ ခုနှစ်နောက်ပိုင်းတွင် ကျွန်တော်တို့ မြန်မာပြည်သူလူထုမှာ အခက်အခဲအကျပ်အတည်း ပေါင်းစုံနှင့် ရင်ဆိုင်ခဲ့ရပါသည်။

မြန်မာနိုင်ငံသားတို့သည် မိသားစုနှင့် ပျော်ပျော်ရွှင်ရွှင် သိုက်သိုက်ဝန်းဝန်းနေလာကြရာမှ သားတကွဲ မယားတကွဲဖြင့် အိမ်နီးချင်းနိုင်ငံများတွင် သွားရောက်လုပ်ကိုင်နေကြရပါသည်။ ယခင်က လေးငါးသိန်းသာ တန်သော ရန်ကုန်မြို့လယ်မှ တိုက်ခန်းတစ်ခန်းမှာ ယခုအခါ သိန်းနှစ်ရာ၊ သုံးရာဖြစ်သွားသည်။ ယခင်က သုံးလေးသိန်းသာပေးရသော ကိုရိုလာဗင်ကားတစ်စီးမှာလည်း ယခုအခါ သိန်းကိုးရာ၊ တစ်ထောင်ဖြစ်သွားသည်။ ထို့ကြောင့် ယခုအခါ မြန်မာနိုင်ငံသားတို့သည် တိုက်ပေါ်မှ တဲပေါ်သို့ ပြန်ဆင်းရမည့် အခြေအနေမျိုးသို့ ဆိုက်ရောက်နေပြီး ကိုယ်ပိုင်ကားပေါ်မှ လိုင်းကား၊ ဆိုက်ကား၊ စက်ဘီးများပေါ်သို့ ပြန်ရောက်ကုန်ကြသည်။ သည်ထက် ဆိုးသည်မှာ ထောင်သောင်းချီသော အထည်ချုပ်အလုပ်သမလေးတို့ အလုပ်လက်မဲ့ဖြစ်သွားရပြီး အချို့မှာ ခန္ဓာကိုယ်နှင့်ရင်းစားရသည့် ဘဝသို့ရောက်ကုန်သဖြင့် AIDS ရောဂါဆိုးကြီးများပါ စွဲကပ်ကုန်ကြသည်။ မြန်မာပြည်သူလူထုကို ဤသို့သော အခြေအနေဆိုးရောက်အောင် ဖန်တီးလုပ်ဆောင်ခဲ့သော ဒေါ်စုကြည်နှင့် NLD တို့သည် သူတို့ပြောနေကြသော ဒီမိုကရေစီနိုင်ငံကြီးများမှာသာဆိုပါက တရားစွဲဆိုအပြစ်ပေးခံရမည်မှာ သေချာပါသည်။ သို့သော် မြန်မာပြည်သူလူထုတို့သည် ဒီမိုကရေစီကျင့်စဉ်ထက် မြင့်မားသော ဗြဟ္မစိုရ်တရားဖြင့် ဒေါ်စုကြည်နှင့် NLD တို့ကို သည်းခံခွင့်လွှတ်ခဲ့ကြသည်။ မြန်မာပြည်သူလူထုသည် သောတာပန်၊ အနာဂါမ်များမဟုတ်ကြသဖြင့် သည်းခံခွင့်လွှတ်ခြင်းမှာ အတိုင်းအတာတစ်ခုအထိသာ ရှိမည်ဆိုသည်ကို ဒေါ်စုကြည်နှင့် NLD တို့ သတိမူသင့်ပါသည်။

အထက်ပါ အကြောင်းအခြင်းအရာများကို ခြုံငုံသုံးသပ်ကြည့်ပါက ၁၉၄၈–၁၉၄၇ ခုနှစ် လွတ်လပ်ရေးကြိုးပမ်းမှု ကာလမှစ၍ ပြည်ပနိုင်ငံကြီးများသည် ၎င်းတို့၏ လက်ပါးစေများကို မွေးမြူပြီး မြန်မာ့နိုင်ငံရေးတွင် ဝင်ရောက်စွက်ဖက် ခြယ်လှယ်ခဲ့ကြပါသည်။ ပြည်ပနိုင်ငံကြီးများ၏ စွက်ဖက်ခြယ်လှယ်မှုကြောင့် မြန်မာတို့၏ အမျိုးသားညီညွတ်ရေး ပျက်ပြားခဲ့ရပြီး အမျိုးသားအကျိုးစီးပွားကို များစွာထိခိုက်နစ်နာခဲ့ရပါသည်။ မြန်မာနိုင်ငံသည်လည်း ဖွံ့ဖြိုးမှုနောက်ကျကျန်ရစ်ခဲ့ရပါသည်။ လွတ်လပ်ရေး ကြိုးပမ်းမှုကာလဖြစ်သော ၁၉၄၆–၁၉၄၇ မှ ယခု ၂၀၀၇ ခုနှစ်အထိ နှစ်ပေါင်း ၆၀ အတွင်း မြန်မာ့နိုင်ငံရေးသမားအချို့တို့သည် တိုင်းတစ်ပါး လက်ပါးစေ၊ တိုင်းတစ်ပါးသြဇာခံများဖြစ်ခဲ့ခြင်းကြောင့် အမျိုးသားညီညွတ်ရေး ပျက်ပြားခဲ့ရပြီး မြန်မာပြည်သူလူထုမှာ ဆင်းရဲဒုက္ခအမျိုးမျိုး တွေ့ကြုံခံစားခဲ့ကြရသည်။ အချို့သော မြန်မာနိုင်ငံသားတို့မှာ မွေးဖွားသည်မှ သေဆုံးသည်အထိ ဤဆင်းရဲဒုက္ခများကို ခံစားသွားကြရရှာသည်။ ဤသည်မှာ အလွန်တရာ ဝမ်းနည်းဖွယ်ရာ ဖြစ်ပါသည်။ အလွန်တရာရှက်ဖို့လည်း ကောင်းပါသည်။ ကျွန်တော်တို့သည် မည်မျှပင် အယူဝါဒကွဲကြပါစေ အမျိုးသားအကျိုးစီးပွားအတွက် ညီညွတ်ကြရပါမည်။ မည်သည့်အကြောင်းပြချက်နှင့်မျှ အမျိုးသားအကျိုးစီးပွားကို ထိခိုက်နစ်နာအောင် မလုပ်သင့်ပါ။ ဒေါ်စုကြည်နှင့် NLD တို့၏ အမျိုးသားညီညွတ်ရေးနှင့် အမျိုးသားအကျိုးစီးပွား ထိခိုက်နစ်နာအောင် လုပ်နေခြင်းတို့အား သဘောပေါက် သိရှိလာသော NLD ပါတီဝင်တို့သည် အမျိုးသားညီညွတ်ရေးနှင့် အမျိုးသားအကျိုးစီးပွားအတွက် NLD ပါတီမှ တသောသော နုတ်ထွက်လျက်ရှိနေပါသည်။

အမျိုးသားညီညွတ်ရေးနှင့် အမျိုးသားအကျိုးစီးပွားအတွက် ဒေါ်စုကြည်နှင့် NLD တို့သည် တိုင်းတစ်ပါးလက်ပါးစေ၊ တိုင်းတစ်ပါး သြဇာခံအဖြစ်မှ ရုန်းထွက်ကြရပါမည်။ အထူးသဖြင့် ဒေါ်စုကြည်သည် မိမိဖခင်ကို ရက်စက်စွာလုပ်ကြံသတ်ဖြတ်ခဲ့သော ဦးစောကဲ့သို့ တိုင်းတစ်ပါး လက်ပါးစေဘဝရောက်နေသည်ကို ယခုလို အာဇာနည်နေ့ အချိန်ကာလမျိုးတွင် သိရှိ နောင်တသံဝေဂရပြီး ထိုဘဝမှ အမြန်ဆုံး ရုန်းထွက်ရန်လိုပါသည်။ ဒေါ်စုကြည်နှင့် NLD တို့သည် အမျိုးသားညီညွတ်ရေးနှင့် အမျိုးသား အကျိုးစီးပွားအတွက် နိုင်ငံတော်အစိုးရ၊ မြန်မာပြည်သူတို့နှင့် ခြွင်းချက်မရှိ အမြန်ဆုံးလက်တွဲ ပူးပေါင်းဆောင်ရွက်သင့်ပါသည်။ မြန်မာတစ်မျိုးသားလုံး၏ အမျိုးသားအကျိုးစီးပွားအတွက် မြန်မာတစ်မျိုးသားလုံး ညီညွတ်ကြရန် မြန်မာပြည်သူတစ်ရပ်လုံးက လိုလားနေကြပါသည်။ အမျိုးသား အကျိုးစီးပွားအတွက် တစ်မျိုးသားလုံး ညီညွတ်ကြပါလျှင် ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် စီးပွားရေး တစ်ရှိန်ထိုး ဖွံ့ဖြိုးတိုးတက်လာပြီး ယခုတွေ့ကြုံနေရသော လူမှုစီးပွားအခက်အခဲ အကျပ်အတည်းပေါင်းစုံမှ လွတ်မြောက်နိုင်လိမ့်မည်ဟု မြန်မာပြည်သူတစ်ရပ်လုံးက ယုံကြည်မျှော်လင့်လျက်ရှိပါသည်။ အမျိုးသားညီညွတ်ရေးပျက်ယွင်းခြင်းကြောင့် ဖြစ်ပေါ်ခဲ့ရသော လူမှုစီးပွား ဆင်းရဲဒုက္ခအပေါင်းမှ အမြန်ဆုံး လွတ်မြောက်ရန် မြန်မာပြည်သူတစ်ရပ်လုံးက ဆန္ဒပြင်းစွာ လိုလားလျက်ရှိပါသည်။ သို့ပါ၍ မြန်မာပြည်သူတစ်ရပ်လုံး၏ ယုံကြည်မျှော်လင့်လိုလားချက်များ အမြန်ဆုံး အကောင်အထည်ဖော်ဖြစ်ထွန်းလာစေရန်အတွက် ယနေ့၊ ယခုမှစ၍ အမျိုးသားအကျိုးစီးပွားအတွက် တစ်မျိုးသားလုံး ညီညွတ်ကြပါစို့ဟု အလေးအနက်တိုက်တွန်း ပန်ကြားအပ်ပါသည်။ ။

❐ ၁၉၉၅ ခုနှစ်က ဒေါ်စုကြည်၏ တစ်ချက်လွှတ်အမိန့်ကြောင့် NLD ကိုယ်စားလှယ်များ အမျိုးသားညီလာခံကို ကျောခိုင်းသွားခဲ့ကြသဖြင့် အမျိုးသားညီလာခံကြီး ယာယီရပ်ဆိုင်းသွားရပြီး အမျိုးသား ညီညွတ်ရေးကို ပျက်ပြားစေခဲ့ပါသည်။ ဒေါ်စုကြည်နှင့် NLD တို့၏ မြန်မာနိုင်ငံအပေါ် စီးပွား ဒဏ်ခတ်ပိတ်ဆို့ရန် တောင်းဆိုခြင်းသည် အမျိုးသားအကျိုးစီးပွားကို ထိခိုက်စေခဲ့ပါသည်။

❐ ဒေါ်စုကြည်နှင့် NLD တို့၏ အမျိုးသားညီညွတ်ရေးကို ပျက်ပြားအောင်လုပ်ခဲ့ခြင်း၊ အမျိုးသားအကျိုးစီးပွားကို ထိခိုက်အောင် လုပ်ခဲ့ခြင်းတို့ကြောင့် ၁၉၉၆ ခုနှစ်နောက်ပိုင်းတွင် ကျွန်တော်တို့ မြန်မာပြည်သူလူထုမှာ အခက်အခဲအကျပ်အတည်းပေါင်းစုံနှင့် ရင်ဆိုင်ခဲ့ရပါသည်။

❐ မြန်မာပြည်သူလူထုတို့သည် ဒီမိုကရေစီ ကျင့်စဉ်ထက် မြင့်မားသော ဗြဟ္မာစိုရ်တရားဖြင့် ဒေါ်စုကြည်နှင့် NLD တို့ကို သည်းခံခွင့်လွှတ်ခဲ့ကြသည်။ မြန်မာပြည်သူလူထုသည် သောတာပန်၊ အနာဂါမ်များ မဟုတ်ကြသဖြင့် သည်းခံခွင့်လွှတ်ခြင်းမှာ အတိုင်းအတာတစ်ခုအထိသာ ရှိမည်ဆိုသည်ကို ဒေါ်စုကြည်နှင့် NLD တို့ သတိမူသင့်ပါသည်။

...ျိုးစီးပွားကို ထိခိုက်နစ်နာအောင် မလုပ်သင့်

...သော ၁၉၄၆–၁၉၄၇ မှ ယခု ၂၀၀၇ ခုနှစ်အထိ နှစ်ပေါင်း ၆၀ အတွင်း မြန်မာ့နိုင်ငံရေးသမား အချို့တို့ ...ါးသြဇာခံများဖြစ်ခဲ့ခြင်းကြောင့် အမျိုးသားညီညွတ်ရေး ပျက်ပြားခဲ့ရပြီး မြန်မာပြည်သူလူထုမှာ ဆင်းရဲဒုက္ခ ...ျို့သော မြန်မာနိုင်ငံသားတို့မှာ မွေးဖွားသည်မှ သေဆုံးသည်အထိ ဤဆင်းရဲဒုက္ခများကို ခံစားသွားကြရရှာ ...းဖွယ်ရာဖြစ်ပါသည်။ အလွန်တရာရှက်ဖို့လည်း ကောင်းပါသည်။ ကျွန်တော်တို့သည် မည်မျှပင် အယူဝါဒ ...က် ညီညွတ်ကြရပါမည်။ မည်သည့်အကြောင်းပြချက်နှင့်မျှ အမျိုးသားအကျိုးစီးပွားကို ထိခိုက်နစ်နာအောင် ... တို့၏ အမျိုးသားညီညွတ်ရေးနှင့် အမျိုးသားအကျိုးစီးပွား ထိခိုက်နစ်နာအောင် လုပ်နေခြင်းတို့အား ...တီဝင်တို့သည် အမျိုးသားညီညွတ်ရေးနှင့် အမျိုးသားအကျိုးစီးပွားအတွက် NLD ပါတီမှ တသောသော

ဘရာဇီး၏ ဇီဝလောင်စာ ထုတ်လုပ်မှု ချည့်နဲ့အောင် ဥရောပပြိုင်ဘက်နိုင်ငံများက လုပ်ဆောင်နေ

ဘရာဆီးလီးယား ဇူလိုင် ၁၂

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိုးရိမ်ပူပန်မှုများဖြစ်ပေါ်ရသည်ဟူသော အကြောင်းပြချက်များဖြင့် ဘရာဇီးနိုင်ငံ၏ ဇီဝလောင်စာထုတ်လုပ်မှုကို ချည့်နဲ့သွားစေရန် ဥရောပ ပြိုင်ဘက်နိုင်ငံများက လုပ်ဆောင်နေကြောင်း ဘရာဇီးသမ္မတ လူးရစ်ဇ် အီနာစီရို လူလာဒါဆီလ်ဗားက ဇူလိုင် ၉ရက်၌ ပြောကြားလိုက်သည်။

ဘရာဇီးနိုင်ငံသည် ကမ္ဘာပေါ်တွင် အီသနောထုတ်လုပ်မှုနှင့် ပြည်ပသို့ တင်ပို့မှုအများဆုံး နိုင်ငံ ဖြစ်သည်။ ထို့အတူ ဇီဝလောင်စာ စွမ်းအင် ဖွံ့ဖြိုးတိုးတက်အောင်လည်း ကြိုးစားလျက်ရှိသည်။

စီမံကိန်းစတင်

ဘရာဇီးနိုင်ငံသည် လွန်ခဲ့သော နှစ်ပေါင်း ၃၀ခန့်ကပင် ကြံပင်မှ ထုတ်ယူသော အီသနောဖြင့် မော်တော်ကားများမောင်းရန် စီမံကိန်း စတင်ဆောင်ရွက်ခဲ့သည်။

အီသနောနှင့် ဇီဝဒီဇယ်တို့၏ အရည်အသွေးများနှင့် ပတ်သက်ပြီး အကြံပေးပညာရှင်များ၏ ဆောင်ရွက်မှုများနှင့်အတူ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဘရာဇီးသမ္မတ လူလာဒါဆီလ်ဗားက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

မော်စကိုရှိ ရှေးဟောင်းအနုပညာပြခန်းမှ ရှားပါးပန်းချီကား ၁၃ကားအခိုးခံရ

မော်စကို ဇူလိုင် ၁၂

ရုရှားနိုင်ငံ မော်စကိုမြို့ အနုပညာ ပြခန်းတစ်ခုမှ အမေရိကန်ဒေါ်လာ သန်းပေါင်းများစွာတန်သော ရှားပါးပန်းချီကားများ အခိုးခံရကြောင်း ရုရှားမီဒီယာများက ဇူလိုင် ၁၀ရက်၌ ဖော်ပြသည်။

လက်ရာမြောက်

အခိုးခံရသော ရှားပါးပန်းချီကားချပ်များမှာ ၁၃ ကားဖြစ်ပြီး ရုရှားပန်းချီဆရာ အိုင်ဗင်အီဗာဇိုရော့ဗ်စကီး၊ ပြင်သစ်ပန်းချီဆရာ ဂျော့ပီအဲရီတို့၏ လက်ရာမြောက် ပန်းချီကားများဖြစ်သည်။

ပြင်သစ်ပန်းချီဆရာ ဂျော့ပီအဲရီ၏ ပန်းချီကားတစ်ချပ်တည်းကပင် ဒေါ်လာငါးသိန်းခန့်တန်ကြောင်း သိရသည်။ အမ်အင်န်အေ၊ရိုက်တာ

ကားထုတ်လုပ်

အီရန်နိုင်ငံ တီဟီရန်မြို့ရှိ မော်တော်ကား ထုတ်လုပ်ရေး စက်ရုံ၏လုပ်ငန်းခွင်တစ်နေရာကို ဇူလိုင် ၁၀ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အသင့်ချုပ်အထည်များ ဥရောပနှင့်မြောက်အမေရိကသို့ ပိုမိုတင်ပို့ပါက ဘင်္ဂလားဒေ့ရှ်၌ ဆင်းရဲနွမ်းပါးမှု ထက်ဝက်လျှော့ချနိုင်မည်

ဒါကာ ဇူလိုင် ၁၂

ဥရောပနှင့်မြောက်အမေရိက ဈေးကွက်များသို့ ဘင်္ဂလားဒေ့ရှ်၏ အသင့်ချုပ်အဝတ်အထည်များ လွတ်လပ်စွာ တင်ပို့ခွင့်ရရှိခဲ့လျှင် ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် ဆင်းရဲနွမ်းပါးမှုနှုန်းကို ထက်ဝက်ခန့် လျှော့ချနိုင်မည့်အပြင် နိုင်ငံ့စီးပွားရေးလည်း ခုနစ်ရာခိုင်နှုန်းအထိ တိုးတက်လာနိုင်မည်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံက မျှော်မှန်းထားသည်။

ပြောကြား

ဂျီနီဗာ၌ကျင်းပသည့် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာကောင်စီ အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများအဆင့် အစည်းအဝေးမှ ပြန်လာပြီးနောက် ဒါကာမြို့၌ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ်ဒေါက်တာ အာမက်ချောဟူရီက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ဝင်ငွေရရှိ

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ဥရောပနှင့် အမေရိကန်ပြည်ထောင်စုသို့ အသင့်ချုပ်အဝတ်အထည်များ တင်ပို့မှုမှ နှစ်စဉ် အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံခန့် ဝင်ငွေရရှိလျက်ရှိသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ အထည်ချုပ် အမျိုးသမီးအလုပ်သမား နှစ်သန်းခန့် ရှိနေကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်တွင် ကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၁၂

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အနောက်ပိုင်းတွင် အသေခံကားဗုံးခွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိကြောင်း အမေရိကန်စစ်ဘက်က ဇူလိုင် ၉ရက်၌ သတင်းထုတ်ပြန်သည်။

တိုက်ခိုက်

ယင်းဒေသတွင် စစ်ဆင်ရေးများပြုလုပ်စဉ်အတွင်း ဇူလိုင် ၈ ရက်၌ အမေရိကန်ကင်းလှည့်ယာဉ်တစ်စီးကို အသေခံဗုံးခွဲသမားက တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ သေဆုံးသည့် တပ်ဖွဲ့ဝင်၏ မိဘဆွေမျိုးသားချင်းများသို့ အကြောင်းကြားမှုကို ဆိုင်းငံ့ထားကြောင်း ယင်းသတင်းက ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အစ္စရေးတွင် မူးယစ်ဆေးဝါး အမြောက်အမြား ဖမ်းမိ

ဂျေရုဆလင် ဇူလိုင် ၁၂

အစ္စရေးနိုင်ငံသည် မကြာသေးမီက နိုင်ငံ၏သမိုင်းတွင် အကြီးမားဆုံး စိတ်ကြွရူးသွပ်ဆေးပြားများ မှောင်ခိုရောင်းဝယ်ရန် ကြိုးပမ်းမှုများအနက်မှ တစ်ခုကို ဖြိုဖျက်ချေမှုန်းနိုင်ခဲ့ကြောင်း ဒေသဆိုင်ရာ မီဒီယာများက သတင်းထုတ်ပြန်ခဲ့သည်။

အမေရိကန်ဒေါ်လာ ၂၃သန်းခန့်တန်ဖိုးရှိ သင်္ဘောနှင့်ပို့မည့် မူးယစ်ဆေးဝါးများကို အစ္စရေးရဲတပ်ဖွဲ့က ကြားဖြတ်သိမ်းယူနိုင်ခဲ့ကြောင်း ယင်းသတင်း၌ ဖော်ပြသည်။

ဖမ်းမိ

ယင်းနိုင်ငံ ဟိုင်ဖာဆိပ်ကမ်းတွင် စိတ်ကြွရူးသွပ်ဆေးပြားသန်း ၅၀၀ နှင့် ဆေးပြားများ ရာထောင်ချီ၍ ထုတ်လုပ်နိုင်သည့် ကုန်ကြမ်းပစ္စည်း အမြောက်အမြားကို ဖမ်းမိခဲ့သည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ သံသယရှိသူ အစ္စရေးလူမျိုး နှစ်ဦးကို ဖမ်းဆီးခဲ့သည်။ အခြားတစ်ဦးကို ပြင်သစ်တွင်ဖမ်းဆီးခဲ့ပြီး ပြစ်မှု ကျူးလွန်ခဲ့ရာ အစ္စရေးနိုင်ငံသို့ လွှဲပြောင်းပေးအပ်ဖွယ်ရှိသည်။ ထိန်းသိမ်းခံရသူ သုံးဦးလုံးသည် ယခင်က ထောင်ဒဏ်ကျခံရဖူးသူများဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဖိလစ်ပိုင်၌ မြေပြိုမှုဖြစ်ပွား၊ ငါးဦးသေဆုံး

မနီလာ ဇူလိုင် ၁၂

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်း၌ မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် မြေပြိုမှုများ ဖြစ်ပွားရာ အမျိုးသမီးတစ်ဦး အပါအဝင် ငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း ဖိလစ်ပိုင် အရာရှိများက ဇူလိုင် ၉ ရက်၌ ပြောကြားသည်။

မနီလာမြို့ တောင်ဘက် မိုင် ၆၀၀ ခန့်အကွာ ဒီဝါတာတောင်၌ တောင်ပြိုမှု ဖြစ်ပွားခြင်းကြောင့် အဆိုပါလူများ သေဆုံးခဲ့ရခြင်းဖြစ်သည်။

သေဆုံးသူများသည် ညနေစာ စားသုံးနေစဉ် တောင်ပြိုကျခဲ့သဖြင့် သေဆုံးခဲ့ရခြင်းဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပသော ဆံပင်ဒီဇိုင်းပြိုင်ပွဲကို ဇူလိုင် ၁၀ ရက်က တွေ့ရစဉ်။

(အဆိုပါပြိုင်ပွဲတွင် ဆံပင်ဒီဇိုင်းပညာရှင် ၆၀ ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူအား အမေရိကန်ဒေါ်လာ ၁၂၀၀ ချီးမြှင့်မည်ဖြစ်သည်။)

(ဓာတ်ပုံ-အင်တာနက်)

ဖလော်ရီဒါရှိ နေအိမ်ပေါ်သို့ လေယာဉ်ပျက်ကျ

အော်လန်းဒိုး(ဖလော်ရီဒါ) ဇူလိုင် ၁၂

အမေရိကန်နိုင်ငံဖလော်ရီဒါပြည်နယ် ဆန်းဖော့ဒ်မြို့၌ ဇူလိုင် ၁၀ ရက်က နေအိမ်နှစ်လုံးပေါ်သို့ လေယာဉ်ယ်တစ်စင်းပျက်ကျမှု ဖြစ်ပွားရာ ငါးဦးသေဆုံးခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။ **(အောက်ဝဲပုံ)**

ပျက်ကျ

အဆိုပါ အင်ဂျင်နှစ်လုံးတပ် လေယာဉ်မှာ ဒေးတိုနာ အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ပျံတက်ပြီး မကြာမီ ဆန်းဖော့ဒ်မြို့၌ ပျက်ကျခဲ့ခြင်းဖြစ်ပြီး နေအိမ်နှစ်လုံး မီးလောင်သွားခဲ့သည်။

အလျင်အမြန်တင်ပို့

လေယာဉ်ပေါ်တွင်လိုက်ပါလာသူ နှစ်ဦးစလုံးသေဆုံးခဲ့ကြောင်း၊ လေယာဉ်ပျက်ကျခဲ့သည့် နေအိမ်မှ ကလေးနှစ်ဦးနှင့် လူကြီးတစ်ဦး သေဆုံးခဲ့ကြောင်း၊ ၁၀ နှစ်အရွယ် ယောကျ်ားလေးတစ်ဦးလည်း မီးလောင်ခံခဲ့ရသဖြင့် ဆေးရုံသို့ အလျင်အမြန် တင်ပို့ပေးခဲ့ရကြောင်း သိရသည်။

ပျောက်ဆုံး

၎င်း ကလေး၏ မိခင်နှင့်ဖခင်ပါ ဒဏ်ရာရရှိသွားခဲ့ပြီး လေးနှစ်အရွယ် မိန်းကလေးတစ်ဦး ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အင်ဒိုနီးရှား၌ ခရီးသည်တင်သင်္ဘောနစ်မြုပ်

ဂျကာတာ ဇူလိုင် ၁၂

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်း၌ ဇူလိုင်၁၁ရက်က ခရီးသည်တင် သင်္ဘောငယ်တစ်စင်း နစ်မြုပ်ခဲ့ရာ လူနှစ်ဦး သေဆုံးပြီး ခရီးသည် အများအပြား ပျောက်ဆုံးလျက်ရှိကြောင်း အင်တာနက် သတင်း၌ ဖော်ပြသည်။

အဆိုပါ ခရီးသည်တင်သင်္ဘောငယ်မှာ အင်ဒိုနီးရှားနိုင်ငံ ဘူရူမြို့မှ အမ်ဘွန်မြို့သို့မောင်းနှင်လာစဉ် နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။ သင်္ဘောပေါ်၌ လူ ၇၀ ခန့် တင်ဆောင်လာရာ လောလောဆယ်တွင် ၂၃ ဦးကို ကယ်ဆယ်နိုင်ကြောင်း ၎င်းသတင်း၌ ဖော်ပြသည်။

(အင်တာနက်)

၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပြိုင်ပွဲတွင် (စ)အုပ်စုမှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအသင်းနှင့် အားကစားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

(သတင်းစဉ်)

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ ကာကွယ်ရေး၊ အားကစားနှင့် ကျန်းမာရေးအသင်းတို့အနိုင်ရရှိ

နေပြည်တော် ဇူလိုင် ၁၂

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်းနှင့် လယ်ဝေးမြို့နယ် အားကစားကွင်းတို့၌ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် ဇနီး မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အေးအေး၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ ဒုတိယရှေ့နေချုပ်များဖြစ်ကြသော ဦးမြင့်နိုင်နှင့် ဦးထွန်းထွန်းဦး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ကြီးဌာနများနှင့် ရှေ့နေချုပ်ရုံးတို့မှ အရာထမ်း၊ အမှုထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပေါင်းလောင်းအားကစားကွင်း

နံနက် ၇း၃ဝ နာရီ ပွဲစဉ်(င)အုပ်စု

ကာကွယ်ရေးဝန်ကြီးဌာန လေးဂိုး။
သာသနာရေးဝန်ကြီးဌာန တစ်ဂိုး။

ပေါင်းလောင်းအားကစားကွင်း

ညနေ ၄ နာရီ ပွဲစဉ်(စ)အုပ်စု

အားကစားဝန်ကြီးဌာန ခြောက်ဂိုး။
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန တစ်ဂိုး။

လယ်ဝေးမြို့နယ်အားကစားကွင်း

ညနေ ၄ နာရီ ပွဲစဉ်(စ)အုပ်စု

ကျန်းမာရေးဝန်ကြီးဌာန နှစ်ဂိုး။
ရှေ့နေချုပ်ရုံး ဂိုးမရှိ။

ဇူလိုင် ၁၃ရက် နံနက် ၇ နာရီခွဲတွင် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်း၌ (ဇ)အုပ်စုမှ အလုပ်သမားဝန်ကြီးဌာနအသင်းနှင့် အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ညနေ ၄ နာရီတွင် ပျဉ်းမနားမြို့ ပေါင်းလောင်း အားကစားကွင်း၌ (ဇ)အုပ်စုမှ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး လယ်ဝေးမြို့နယ် အားကစားကွင်း၌ အုပ်စု(င)မှ ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင် ကစားကြမည်ဖြစ်သည်။ **(က-ပ)**

တပ်မတော် (ကြည်း၊ ရေ၊ လေ) ကရာတေးဒိုပြိုင်ပွဲဖွင့်

ရန်ကုန် ဇူလိုင် ၁၂

၂၀၀၇ခုနှစ် (၁၆)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) ကရာတေးဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၀ ရက် နံနက် ၈ နာရီခွဲတွင် အမျိုးသားအားကစားရုံ(၁) သုဝဏ္ဏ၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကိုယ်စား မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇင်ယော် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

တက်ရောက်

အခမ်းအနားသို့ မင်္ဂလာဒုံတပ်နယ်မှ ဗိုလ်မှူးကြီးဆန်းဦးလှိုင်၊ တပ်မတော်သူနာပြုတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီးသိုးထိန်း၊ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာစမ်းဇော်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ အရာရှိကြီးများ၊ အရာရှိ/စစ်သည် မိသားစုဝင်များ၊ အားကစားဝါသနာရှင်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ဝင်ရောက်ယှဉ်ပြိုင်

၂၀၀၇ခုနှစ် (၁၆)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ကရာတေးဒိုပြိုင်ပွဲတွင် တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ ပြိုင်ပွဲဝင်အသင်း ၂၀ ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အဆင့်မြင့်တန်းကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲဗိုလ်လုပွဲ စီးပွား/ကူးသန်းအသင်းချန်ပီယံဆုကာကွယ်ရန်ပြင်ဆင် စွမ်းအင်အသင်းရှုံးကြေးဆပ်ရန်မာန်သွင်းလေ့ကျင့်

ရန်ကုန် ဇူလိုင် ၁၂

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၇- ၂၀၀၈ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း(မြန်မာလိဂ်)ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်ကို ဇူလိုင် ၁၄ရက် (မနက်ဖြန်) **ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပမည်ဖြစ်ရာ စီးပွား/ကူးသန်း အသင်းနှင့် စွမ်းအင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။**

အဆင့်မြင့်တန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲကို ဇွန် ၁၆ရက်မှ စတင်ကျင်းပခဲ့ရာ ဇူလိုင် ၁၀ရက်က အကြိုဗိုလ်လုပွဲစဉ်များ ပြီးဆုံးသွားခဲ့ပြီဖြစ်သည်။ အကြိုဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ကြရာ၌ စီးပွား/ကူးသန်းအသင်းကပို့ဆောင်ရေးအသင်းကို ရှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ စွမ်းအင်အသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိပြီး ဗိုလ်လုပွဲစဉ်သို့ တက်လှမ်းလာ ခဲ့ကြသည်။

ယခုပြိုင်ပွဲတွင် အကြိုဗိုလ်လုပွဲစဉ်များ၌ စီးပွား/ကူးသန်းအသင်းနှင့် စွမ်းအင်အသင်းတို့ ဂိုးပြတ်များဖြင့် အနိုင်ရရှိခဲ့ကြခြင်းဖြစ်သည်။

လက်ရှိချန်ပီယံ

စီးပွား/ကူးသန်း အသင်းသည် ၂၀၀၆-၂၀၀၇ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း (မြန်မာလိဂ်) ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲတွင် ဘဏ္ဍာ/အခွန်အသင်းကို အနိုင်ရရှိပြီး ဗိုလ်စွဲခဲ့ရာ လက်ရှိ ချန်ပီယံအသင်း ဖြစ်သည်။ စီးပွား/ကူးသန်းအသင်းသည် လက်ရှိ ချန်ပီယံဆုကို ကာကွယ်ရန်အတွက် ပြိုင်ပွဲမစမီကပင် အကောင်းဆုံးကြိုတင်ပြင်ဆင်ခဲ့ရာ ပွဲစဉ် တစ်လျှောက် ခြေစွမ်းပြ ကစားနိုင်ခဲ့ပြီး ယခုဆိုလျှင် ဆုဖလားနှင့် လက်တစ်ကမ်းအလိုသို့ ရောက်ရှိနေပြီဖြစ်သည်။

စီးပွား/ကူးသန်း အသင်းသည် ပထမအဆင့်အုပ်စုပွဲစဉ်၌ ဆောက်လုပ်ရေးအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ပြည်ထဲရေးအသင်းကို သုံးဂိုး-ဂိုးမရှိ၊ Royal Eleven အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဒုတိယအဆင့် အုပ်စုပွဲစဉ်၌ မြန်မာ့မီးရထားအသင်းကို လေးဂိုး-ဂိုးမရှိ၊ လယ်ယာ/ဆည်မြောင်းအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ စွမ်းအင်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ စီးပွား/ကူးသန်း အသင်းသည် ပထမအဆင့် အုပ်စုပွဲစဉ်မှ အကြိုဗိုလ်လုပွဲစဉ်အထိ ခုနစ်ပွဲ ကစားခဲ့ရာတွင် ရှုံးပွဲလုံးဝမရှိဘဲ ခုနစ်ပွဲလုံး အနိုင်ရရှိခဲ့သည်။ ယခုပြိုင်ပွဲတွင် ရှုံးပွဲ မရှိသောအသင်းမှာ စီးပွား/ကူးသန်းအသင်းတစ်သင်းသာရှိသည်။

ဟက်ထရစ်နှစ်ကြိမ်

စီးပွား/ကူးသန်း အသင်းသည် ခုနစ်ပွဲကစားခဲ့ရာတွင် ၂၆ဂိုးသွင်းယူနိုင်ပြီး နှစ်ဂိုးသာအသွင်းခံခဲ့ရသည်။ တိုက်စစ်မှူးစထက်နိုင်ဝင်းက တစ်ဦးတည်း ၁၁ဂိုးသွင်းယူပေးပြီး ဟက်ထရစ်နှစ်ကြိမ်ရရှိခဲ့သည်။

လူစုံတက်စုံ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဘောလုံးဆပ်ကော်မတီအတွင်းရေးမှူး ဦးစန်းထွန်း (ဒုတိယအထွေထွေမန်နေဂျာ)က **"ကျွန်တော်တို့အသင်းက ပွဲပယ်၊ ဒဏ်ရာရသူမရှိလို့ လူစုံတက်စုံ ကစားနိုင်မယ်။ အသင်းကစားကွက်ကလဲ အကောင်းဆုံး အခြေအနေမှာရှိတယ်။ ကစားသမားတွေရဲ့ အောင်မြင်မှုကို တပ်မက်မှုကလဲ အမြင့်မားဆုံးအနေအထား ဖြစ်နေတယ်။ စည်းလုံးညီညွတ်မှုနဲ့ စိတ်ဓာတ်ရေးရာ အကောင်းဆုံးဖြစ်နေတာဆိုတော့ ချန်ပီယံဆုကို ကာကွယ်ဖို့ အသင့်အနေထားမှာ ရှိပါတယ်"**ဟု ပွဲကြိုပြောကြားသည်။

ပုံမှန်လေ့ကျင့်

စီးပွား/ကူးသန်းအသင်း အုပ်ချုပ်သူ ဦးမြင့်သိန်း (လက်ထောက်မန်နေဂျာ)ကလည်း "ကျွန်တော်တို့ စွမ်းအင်အသင်းကို ဒုတိယအဆင့်မှာ သုံးဂိုးပြတ်အနိုင်ရခဲ့ပါတယ်။ စွမ်းအင်အသင်းက အသင်းလိုက် စုစည်းမှုအားကောင်းပြီး အဆင့်မြင့်တန်းရဲ့ အသင်းကြီး အုပ်စုထဲပါဝင်ပါတယ်။ အုပ်စုပွဲစဉ်မှာ ရှုံးပွဲရှိပေမယ့် အကြိုဗိုလ်လုပွဲစဉ်မှာတော့ စွမ်းအင်အသင်း ခြေမှန်ပေါ်တယ်လို့ ဆိုရမှာပါ။ အသင်းခေါင်းဆောင် မင်းသူ ကစားနိုင်မှာဖြစ်ပြီး ပွဲပယ်ပြစ်ဒဏ်ခံရသူလဲမရှိလို့ အကောင်းဆုံးလူစာရင်းနဲ့ ပွဲထွက်မှာပါ"ဟု ပွဲကြိုပြောကြားသည်။

အားကစားသမားအဖြစ် (ဂိုး) ဇော်မိုးထက်၊ သီဟစည်သူ၊ တင်ယု၊ (နောက်တန်း) မင်းသူ(အသင်းခေါင်းဆောင်)၊ ဇော်လင်းထွန်း၊ မိုးဝင်း၊ ကျော်ကျော်ထွန်း၊ မျိုးဇော်ထွန်း၊ ချမ်းချမ်း၊ မန်းကျော်ထူး၊ ဇော်ခါး၊ ဇော်ဇော်အောင်၊ ကျော်ဇေယျ(အလယ်တန်း)၊ မျိုးမင်းထွန်း၊ ဝင်းသိန်းဦး၊ အောင်မျိုးသန့်၊ ရာဇာဝင်းသိန်း၊ တင်မင်းထွန်း၊ မင်းကိုကို၊ ဘိုဘိုအောင်၊ (ရှေ့တန်း) မျိုးလှိုင်ဦး၊ စထက်နိုင်ဝင်း၊ ကျော်ဇင်ဝင်း၊ ဘီဂျိမ်းဒွေး၊ ဟိန်းဇာထွန်းတို့ ပါဝင်ကြသည်။

အချိန်အခါကောင်း

စွမ်းအင်ဘောလုံးအသင်းသည် ၂၀၀၆-၂၀၀၇ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း (မြန်မာလိဂ်) ကွင်းပိတ် (ရှုံးထွက်) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် စီးပွား/ ကူးသန်းအသင်းကို ပယ်နယ်တီ အဆုံးအဖြတ်၌ ငါးဂိုး-လေးဂိုးဖြင့် ရှုံးနိမ့်ပြီး ဆုဖလားနှင့် လက်တစ်ကမ်းအလိုရောက်မှ လက်လွှတ်ခဲ့ရသည်။ စွမ်းအင်အသင်းသည် ယမန်နှစ် ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲတွင် စီးပွား/ကူးသန်း အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ ယခုပြိုင်ပွဲတွင်လည်း ဒုတိယအဆင့် အုပ်စုပွဲစဉ်၌ သုံးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရာ လာမည့် ဗိုလ်လုပွဲစဉ်၌ ယခင်ရှုံးကြွေးများကို တစ်ပေါင်းတည်းဆပ်ရန် အချိန်အခါကောင်းပင်ဖြစ်သည်။

အမြင့်မားဆုံး

စွမ်းအင်ဘောလုံးအသင်း အုပ်ချုပ်သူ ဦးမြတ်စိုး(ဒုတိယညွှန်ကြားရေးမှူး)က **"ကျွန်တော်တို့အသင်း ဗိုလ်လုပွဲမှာ ရှုံးကြွေးဆပ်ပြီး အနိုင်ယူဖို့အတွက် ဘယ်လိုကစားကွက် ဖော်မယ်ဆိုတာ နည်းပြအဖွဲ့နဲ့ညှိနှိုင်းပြီး အထပ်ထပ်အခါခါ လေ့ကျင့်ထားပါတယ်။ ယမန်နှစ်ကွင်းပိတ်ပြိုင်ပွဲမှာ နိုင်သင့်ပါလျက်နဲ့ ပယ်နယ်တီနဲ့ ရှုံးခဲ့ရတယ်။ လာမယ့် ဗိုလ်လုပွဲမှာတော့ စိတ်ဓာတ်ပိုင်းအရ အမြင့်မားဆုံးနဲ့ ယှဉ်ပြိုင်မှာဆိုတော့ ကွင်းပိတ်ရှုံးကြွေးကို ဆပ်နိုင်မှာပါ"**ဟု ပွဲကြိုပြောကြားသည်။

သူတို့ပါဝင်ကြ

အားကစားသမားများအဖြစ်(ဂိုး) ကျော်မင်းလှိုင်၊ ထင်အောင်၊ (နောက်တန်း) ကြည်အောင်၊ မင်းမင်းထွန်း၊ အောင်ကျော်မိုး၊ ဇော်ထက်အောင် (အသင်းခေါင်းဆောင်)၊ ကျော်ခိုင်ဝင်း၊ အောင်ဆန်းဦး၊ သူရကိုကို၊ ခရစ္စတိုဖာပေါလ်၊ (အလယ်တန်း)ရန်နောင်စိုး၊ မျိုးဇော်ဦး၊ ဝေယံမောင်၊ စိုင်းထွန်းဝင်း၊ ညဏ်ထွန်းအောင်၊ ညဏ်လင်းထွန်း၊ လင်းလင်းထွေး၊ အေးမိုး၊ နိုင်လင်းထွန်း၊ ကိုကိုမောင်၊ (ရှေ့တန်း) နိုင်ဝင်း၊ စိုင်းသန်းအောင်၊ အောင်ကျော်မျိုး၊ ကျော်စိန်ဝင်း၊ ကျော်ဆန်းဝင်း၊ စည်သူအောင်၊ ဝေမင်းဟန်တို့ ပါဝင်ကြသည်။

အနိုင်ရခဲ့

စွမ်းအင်အသင်းသည် ပထမအဆင့် အုပ်စုပွဲစဉ်၌ ကမ္ဘောဇအသင်းကို လေးဂိုး-နှစ်ဂိုး၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ဘဏ္ဍာ/အခွန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဒုတိယအဆင့် အုပ်စုပွဲစဉ်တွင် လယ်ယာ/ဆည်မြောင်းအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ မြန်မာ့မီးရထား အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး စီးပွား/ကူးသန်းအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

၂၃ဂိုးသွင်းခဲ့

စွမ်းအင်အသင်းသည် ခုနစ်ပွဲကစားရာတွင် ခြောက်ပွဲနိုင်ပြီး တစ်ပွဲရှုံးခဲ့သည်။ ခုနစ်ပွဲတွင် စုစုပေါင်း၂၃ဂိုးသွင်းယူနိုင်ပြီး ၁၂ဂိုးအသွင်းခံခဲ့ရသည်။ အသင်းခေါင်းဆောင် ဇော်ထက်အောင်တစ်ဦးတည်းက ခုနစ်ဂိုးသွင်းယူပေးပြီး ဟက်ထရစ်တစ်ကြိမ်ရခဲ့သည်။ စွမ်းအင်အသင်းမှ ဇော်ထက်အောင်၊ ကျော်ခိုင်ဝင်းနှင့် အောင်ကျော်မျိုးတို့ ပဏာမ မြန်မာ့လက်ရွေးစင်အသင်း၌ ပါဝင်လျက်ရှိသည်။

စောင့်စား

အဆင့်မြင့်တန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်တွင် စီးပွား/ကူးသန်းအသင်းကပဲ ချန်ပီယံဆုကို ဆက်လက်ထိန်းသိမ်းနိုင်မည်လား၊ စွမ်းအင်အသင်းကပဲ ရှုံးကြွေးဆပ်ပြီး ချန်ပီယံဆုရရှိသွားမည်လား ဆိုသည်ကို စိတ်လှုပ်ရှားစွာ စောင့်စားကြည့်ရှုကြရမည်ဖြစ်ပါကြောင်း ကြိုတင်သတင်းစကား ရေးသားလိုက်ရပါကြောင်း။ ။ **(မြန်မာ့အလင်း)**

သတင်းဆောင်းပါး-ကိုထွေး

မြန်မာ-သီရိလင်္ကာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နှစ်ဖက်သဘောတူ အစည်းအဝေးမှတ်တမ်း အတည်ပြု

နေပြည်တော် ဇူလိုင် ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်၏ ပထမအကြိမ်အစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ ကျင်းပရာ ပူးတွဲကော်မရှင်၏ ပူးတွဲဥက္ကဋ္ဌများဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာရိုဟီသာ ဘိုဂိုလာဂါမာတို့က အဖွင့်မိန့်ခွန်း ပြောကြားကြသည်။

အဆိုပါ အစည်းအဝေးသို့ သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီးတို့မှ ဌာနဆိုင်ရာ အကြီးအကဲများ ပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်သီရိလင်္ကာကိုယ်စားလှယ် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုး

ပူးတွဲကော်မရှင်၏ ပထမကြိမ် အစည်းအဝေးတွင် နှစ်ဖက် ကိုယ်စားလှယ်အဖွဲ့များအကြား နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြပြီး အဆင့်မြင့် အရာရှိကြီးများအဆင့် ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များက ထောက်ခံတင်ပြသည့် နှစ်ဖက်သဘောတူ အစည်းအဝေးမှတ်တမ်းကို အတည်ပြု ချမှတ်ကြသည်။

အစည်းအဝေးအပြီးတွင် ပူးတွဲကော်မရှင်၏ ပူးတွဲဥက္ကဋ္ဌများ ဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာရိုဟီသာ ဘိုဂိုလာဂါမာတို့က မြန်မာ-သီရိလင်္ကာ ပူးတွဲကော်မရှင်၏ ပထမအကြိမ်အစည်းအဝေး၏ နှစ်ဖက်သဘောတူ အစည်းအဝေးမှတ်တမ်းကို လက်မှတ်ရေးထိုးကြသည်။

ညှိနှိုင်းရေးဆွဲခဲ့

ပူးတွဲကော်မရှင်၏ ပထမအကြိမ် အစည်းအဝေး မတိုင်မီ မြန်မာ-သီရိလင်္ကာ နှစ်နိုင်ငံ အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေးကို ဇူလိုင်၁၀ရက်က နေပြည်တော်ရှိ ကုမုဒြာဟိုတယ်၌ကျင်းပရာ အစည်းအဝေးတွင် နှစ်နိုင်ငံ အကျိုးတူ ကိစ္စရပ်များအပေါ် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးကြပြီး ပူးတွဲကော်မရှင် အစည်းအဝေးသို့ ထောက်ခံတင်ပြမည့် နှစ်ဖက်သဘောတူ အစည်းအဝေးမှတ်တမ်းကို ညှိနှိုင်းရေးဆွဲ ခဲ့ကြသည်။

သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ ညနေပိုင်းက နေပြည်တော်လေဆိပ်မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာလာပြီး ရန်ကုန်မြို့မှတစ်ဆင့်လေကြောင်းခရီးဖြင့်ပြန်လည်ထွက်ခွာသွားသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး ဦးစိုးသာအား ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၂

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာအား မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူဦးရေ ရန်ပုံငွေအဖွဲ့(UNFPA) ဌာနေကိုယ်စားလှယ် Mr. Daniel B. Bakerသည် ယမန်နေ့ ညနေ၆နာရီက နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး သူရိန်ဇော်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

စွမ်းအင်ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးလာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၂

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitraသည် ဇူလိုင်၉ရက် ညနေ ၄နာရီခွဲက နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဂမုန်းပွင့် ကုန်တိုက်

မိုးရာသီအရောင်းမြှင့်တင်ရေး ဈေးရောင်းပွဲတော်

၅ရာခိုင်နှုန်းမှ ၅၀ရာခိုင်နှုန်းအထိ ဈေးလျှော့ရောင်းချနေ

ရန်ကုန် ဇူလိုင် ၁၂

ဂမုန်းပွင့် ကုန်တိုက်၏ မိုးရာသီ အရောင်းမြှင့်တင်ရေး ဈေးပွဲတော်ကို ဇွန် ၁၆ရက်မှ ဇူလိုင် ၁၅ရက်အထိ ရန်ကုန်မြို့ မြေနီကုန်းရှိအဆိုပါကုန်တိုက်၌ ကျင်းပလျက်ရှိသည်။ **(အောက်ပုံ)**

ဈေးလျှော့ရောင်းချပေး

ဈေးရောင်းပွဲတော်ကာလအတွင်း နိုင်ငံတကာ အဆင့်မီ အရည်အသွေးကောင်း နာမည်ကြီး ကုန်ပစ္စည်း အမှတ်တံဆိပ် ၂၀ခန့်ရှိ အမျိုးသား၊ အမျိုးသမီး၊ ကလေးဝတ်နှင့် ဖက်ရှင်အဝတ် အထည်အသုံးအဆောင် ပစ္စည်းများကို အထူးလျှော့ဈေး ၅ရာခိုင်နှုန်းမှ ရာခိုင်နှုန်း ၅၀ အထိ ဈေးလျှော့ရောင်းချပေးလျက်ရှိသည်။

အထူးစည်ကား

ထို့ပြင် အမျိုးသား ရှပ်အင်္ကျီ တစ်ထည်ဝယ်လျှင် တစ်ထည်လက်ဆောင်ပေးခြင်း၊ ကလေးအင်္ကျီတစ်ထည်ဝယ်လျှင် ဦးထုပ်လက်ဆောင်ပေးခြင်း၊ သောကြာနေ့မှ တနင်္ဂနွေနေ့အထိ ရက်များ၌ မော်ဒယ်များဖြင့် အရောင်းမြှင့်တင် သရုပ်ပြ တင်ဆက်ဖျော်ဖြေခြင်းဖြင့် ဈေးရောင်းပွဲတော်ကို ကျင်းပလျက်ရှိရာ မိုးတွင်းကာလ ဖြစ်သော်လည်း ဈေးဝယ်သူများ စိတ်ဝင်စားစွာ ဝယ်ယူအားပေးကြသဖြင့်အထူးစည်ကားလျက်ရှိသည်။

ဝယ်ယူအားပေး

ဂမုန်းပွင့်ကုန်တိုက်၏ မိုးရာသီ ဈေးရောင်းပွဲတော်ကာလမှာ မကြာမီရက်ပိုင်းအတွင်း ကုန်ဆုံးမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူများ အချိန်မီ သွားရောက်ဝယ်ယူ အားပေးသင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗိမာန်တော် တိုးချဲ့ရေး ငွေလှူဒါန်း

ရန်ကုန် ဇူလိုင် ၁၂

ရန်ကုန်မြို့ ဗဟန်းကြားတောရလမ်း အမှတ်၁၅ရှိ ပိဋကသုံးပုံ စာအံစာဖြေသံဃာတော်များ သီတင်းသုံးမည့် ဗိမာန်တော် အရှေ့ပိုင်း တိုးချဲ့ဆောင်ဆောက်လုပ်ရန်အတွက် ငွေလှူဒါန်းပွဲကို ဇူလိုင် ၁၀ ရက်က အဆိုပါ ကျောင်းတော်၌ ကျင်းပသည်။

အခမ်းအနားသို့ ထေရဝါဒ ဗုဒ္ဓသာသနာတော် တည်တံ့ပြန့်ပွားရေးအဖွဲ့က အလှူငွေ ကျပ်သုံးသိန်းကို လှူဒါန်းရာ ဗိမာန်တော်စောင့်ရှောက်ရေး တိပိဋက ဓမ္မရက္ခိတအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓဇ ဦးစိန်တင့်၊ ဒုတိယဥက္ကဋ္ဌ ဦးကြင်သန်းနှင့် ပြန်ကြားရေးမှူး သီဟသုဓမ္မဇောတိကဓဇ ဦးစိုးသိမ်း(မြို့နယ်ရဲတပ်ဖွဲ့မှူး-ငြိမ်း)တို့က အလှူငွေများ လက်ခံခဲ့ကြောင်း သိရသည်။

(က-ပ)

ပိုလ်တထောင်စေတီတော် အနန္တသုခသိမ်တော်ကြီး ရေစက်ချမင်္ဂလာအခမ်းအနားကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၂

ရန်ကုန်တိုင်း ဆိပ်ကမ်းမြို့နယ် ရဲရိပ်သာရပ်ကွက် ဗိုလ်တထောင်စေတီတော်အတွင်းရှိ မွန်ပရိယတ္တိစာသင်တိုက်၏ အနန္တသုခသိမ်တော်ကြီး ရေစက်ချမင်္ဂလာအခမ်းအနားကို ဇူလိုင် ၂၂ ရက် (တနင်္ဂနွေနေ့) ၁၃၆၉ ခုနှစ် ဒုတိယဝါဆိုလဆန်း၈ရက် နံနက်၉နာရီအချိန်တွင် နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါ၍ ပါဝင်လှူဒါန်းခဲ့ကြသော အလှူရှင်ဒါယကာ၊ ဒါယိကာမများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြည်ညိုကြပါရန် အသိပေးနှိုးဆော်ထားသည်။ **(က-ပ)**

စာအောင်သံဃာ ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၂

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ယောဆရာတော်ကြီး အမှူးပြုသော ကျောင်းတိုက်၌ ဝါဆို၊ဝါကပ်တော်မူကြမည့် သံဃာတော်၁၉၈ပါးနှင့် ပင့်သံဃာဆရာတော်ကြီးများအား ကုသိုလ်ရှင်များ စုပေါင်း၍ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် မန္တလေးမြို့ သက္ကျသီဟအသင်းစာမေးပွဲကြီး၌ စာချတန်းအောင် သက္ကျသီဟ ဓမ္မာစရိယဘွဲ့ရ အရှင်ဝဇိရပါဏီ လင်္ကာရာဘိဝံသ၊ သက္ကျသီဟ စာသင်တန်းနှင့် ရန်ကုန်မြို့ စေတိယင်္ဂဏ စာမေးပွဲ စာသင်တန်းအောင် အရှင်ဇဝနာလင်္ကာရာဘိဝံသ၊ နိုင်ငံတော်အစိုးရ ပထမလတ်တန်း၌ ရန်ကုန်တိုင်း တတိယဂုဏ်ထူးရ ရှင်တေဇောဘာသာလင်္ကာရ၊ သာမဏေကျော်ဘွဲ့ရ ရှင်ကုဏ္ဍလာလင်္ကာရ၊ ရှင်ကုဝေရာလင်္ကာရ၊ ရှင်စန္ဒိမာလင်္ကာရ သာသနာ့အာဇာနည် အရှင်မြတ် ခြောက်ပါးနှင့် ကျောင်းတိုက် ဘာသာစုံ စာမေးပွဲအောင် သံဃာတော်အရှင်မြတ် တို့အား ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို ဒုတိယဝါဆိုလပြည့်နေ့ (ဇူလိုင်၂၉ရက်) တနင်္ဂနွေနေ့ နံနက် ၉ နာရီတွင် ဗဟန်း နန္ဒဝန်လမ်း မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်၌ ကျင်းပမည်ဖြစ်ရာ ကုသိုလ်ရှင်များအားလုံး ကြွရောက်ကြပါရန် ကျောင်းတိုက် ဝေယျာဝစ္စအဖွဲ့က ဖိတ်ကြားထားကြောင်း သိရသည်။ **(က-ပ)**

ကမ္ဘာတစ်လွှား အားကစား

ကိုးကားတင်ပြသူ
မောင်မောင်မြင့်ဆွေ

ရီးရဲမက်ဒရစ်တို့ လက်လျှော့ရမည့် ပစ်မှတ်သုံးခု

မက်ဒရစ် ဇူလိုင် ၁၂

လာလီဂါဖလားနှင့် သုံးနှစ်ကြာ ဝေးကွာခဲ့ပြီးမှ ပြန်လည်ရယူနိုင်ခဲ့သော ရီးရဲမက်ဒရစ်တို့ ပူပူနွေးနွေး လာလီဂါချန်ပီယံအဖြစ် အချိန်ကြာကြာ မခံစားနိုင်ဘဲ လက်ထဲကဖလားကို ကာကွယ်နိုင်ဖို့ ပြင်ဆင်နေရပြီဖြစ်သည်။

ကာကာ

အေစီမီလန်တိုက် စစ် မှူး ကာကာ။
(ဓာတ်ပုံ–အင်တာနက်)

ရီးရဲမက်ဒရစ်ကိုလာလီဂါဖလားရယူပေးခဲ့သော ဒေးဗစ်ဘက်ခမ်း၊ ရောဘတ်တိုကားလို့စ်တို့အပြင် ရော်နယ်ဒိုလည်း အသင်းက ထွက်ခွာသွားခဲ့ကြသဖြင့် လိုအပ်နေသော လူအင်အားဖြည့်ဆည်းမှုကို ရီးရဲမက်ဒရစ်နည်းပြသစ် ဘန်းရှုးစတား ဆောင်ရွက်ရတော့မည်ဖြစ်သည်။

အားဖြည့်သွားမည်

ဘန်းရှုးစတားအနေဖြင့် ရီးရဲမက်ဒရစ်တွင် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်မည်ဖြစ်ရာ အသင်းမှ ကစားသမားအချို့ကိုလည်း ရောင်းထုတ်မည်ဖြစ်သလို ထိပ်တန်းကစားသမားများကိုလည်း ဝယ်ယူအားဖြည့်သွားမည်ဖြစ်သည်။

လိုချင်နေ

ယခုနှစ်နွေရာသီ အပြောင်းအရွှေ့ကာလ၌ ရီးရဲမက်ဒရစ်လိုချင်နေသော ကစားသမားများတွင် ထိပ်ဆုံး၌ ဘရာဇီးနှင့် အေစီမီလန်တိုက်စစ်မှူး ကာကာ၊ အာဆင်နယ် ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်နှင့် ချယ်လ်ဆီးတောင်ပံ တိုက်စစ်မှူး အာဂျန်ရော်ဘင်တို့ဖြစ်သည်။

ထွက်ခွာလို

ရီးရဲမက်ဒရစ်တို့က ထိုကစားသမားသုံးဦးကို ကြိုက်ဈေးပေးကာ ခေါ်ယူရန်ကြိုးစားနေသော်လည်း အေစီမီလန်အသင်း တာဝန်ရှိသူများက တိုက်စစ်မှူး ကာကာသည် ရောင်းရန်မဟုတ်ပါဟူသော ကြေညာချက်ကြောင့် အခက်တွေ့လျက်ရှိသည်။ ကာကာသည် ရီးရဲမက်ဒရစ်သို့ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေပြီး လက်ရှိအေစီမီလန်၌ ကစားသမားအချို့နှင့် ဆက်ဆံရေး အဆင်မပြေဖြစ်နေသည်။ ထို့ကြောင့် ပြီးခဲ့သည့် စီးရီးအေဘောလုံးရာသီကုန်စအချိန်၌ အသင်းမှ ထွက်ခွာလိုကြောင်း ပြောကြားခဲ့သူဖြစ်သည်။



ဖာဘရီဂတ်စ်

အာဆင်နယ် ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်။
(ဓာတ်ပုံ–အင်တာနက်)

ဖော်ပြနေ

အေစီမီလန်အသင်း ချန်ပီယံလိဂ် ဖလားရရှိရေး၌ ကာကာ၏စွမ်းဆောင်မှုသည် အဓိကအခန်းမှ ပါဝင်ခဲ့သလို အေစီမီလန်၌ ကာကာ၏ ဂိုးသွင်းစွမ်းရည်များကလည်း ထိပ်တန်း အဆင့် တိုက်စစ်မှူးဖြစ်ကြောင်း ဖော်ပြနေသဖြင့် ရီးရဲမက်ဒရစ်တို့ ခေါ်ယူချင်နေသော ကစားသမားဖြစ်သည်။

ရရှိရေး

ရီးရဲမက်ဒရစ်တို့က နောင်နှစ် ဘောလုံးရာသီအထိ ကာကာကိုခေါ်ယူရေး လက်လျှော့မည်မဟုတ်ဟု ပြောကြားနေသည်။ ရီးရဲမက်ဒရစ်တို့ အလိုရှိနေသော ကစားသမားတစ်ဦးဖြစ်သည့် ချယ်လ်ဆီး တောင်ပံကစားသမား အာဂျန်ရော်ဘင်ကို ရရှိရေးမှာမူ မျှော်လင့်ချက်ထားနိုင်ဖွယ်ရှိနေသေးသည်။

ပြင်ဆင်နေ

အာဂျန်ရော်ဘင်၏ စာချုပ်သက်တမ်း ထပ်တိုးရေးကိစ္စမှာ ချယ်လ်ဆီးနှင့် အဆင်ပြေသော်လည်း ချယ်လ်ဆီး၌ ပုံမှန်ပွဲထွက်ကစားသမားနေရာကို ရရှိရန်မလွယ်သဖြင့် အသင်းပြောင်းရွှေ့ရန်ပြင်ဆင်နေသောကစားသမားတစ်ဦးဖြစ်သည်။

ပြီးဆုံးမှသာ

ရီးရဲမက်ဒရစ်တို့က အာဂျန်ရော်ဘင်လို ကစားသမားတစ်ဦးအလိုရှိနေရာ ယခုနှစ်နွေရာသီ အပြောင်းအရွှေ့ဈေးကွက်မပိတ်မီ ခေါ်ယူနိုင်ရေးကြိုးစားနေသော်လည်း လာမည့်ဘောလုံးရာသီ ပြီးဆုံးမှသာ ကြိုးစားရတော့မည်ဖြစ်သည်။

အာဂျန်ရော်ဘင်

ချယ်လ်ဆီး တောင်ပံ ကစားသမား အာဂျန်ရော်ဘင်
(ဓာတ်ပုံ–အင်တာနက်)

ထို့အတူ အာဆင်နယ်ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်သည်လည်း ရီးရဲမက်ဒရစ်တို့ ပစ်မှတ်ထားနေသော ကစားသမားတစ်ဦးဖြစ်သည်။ ဖာဘရီဂတ်စ်က အာဆင်နယ် အသင်း၏အနာဂတ်မရေရာမှုနှင့် ကစားဖော် အွန်နရီတို့ အသင်းမှ ထွက်ခွာသွားမှုတို့ကြောင့် အာဆင်နယ်မှ ထွက်ခွာရန် ပြောကြားခဲ့သူဖြစ်သည်။

မခေါ်ယူနိုင်

သို့သော်လည်း အာစင်ဝင်းဂါး၏ စည်းရုံးမှုကြောင့် အာဆင်နယ်၌ ဆက်လက်ကစားရန်ဆုံးဖြတ်ခဲ့ခြင်းကြောင့် ရီးရဲမက်ဒရစ်တို့ အကြိုက်ဆုံးကစားသမား သုံးဦးစလုံးကို မခေါ်ယူနိုင်ဘဲ ဖြစ်ခဲ့ရသည်။

စောင့်ကြည့်ရမည်

ပြီးခဲ့သည့်နှစ် ဇူလိုင်လကတည်းက ရီးရဲမက်ဒရစ်ဥက္ကဋ္ဌအဖြစ် အရွေးခံခဲ့စဉ်က မိမိသည် ကာကာ၊ အာဂျန်ရော်ဘင်နှင့် ဖာဘရီဂတ်စ်တို့ကိုရအောင် ခေါ်ယူသွားမည်ဟု ကတိပေးခဲ့သော ရေးမွန်ကယ်ဒါရွန်၏စကားများ မည်သည့်အချိန်၌ မည်သို့အကောင်အထည်ဖော်လာမည်ကို စောင့်ကြည့်ရမည်ဖြစ်ပါကြောင်း။ ။ **(ကိုးကား–အင်တာနက်)**

စုစည်းတင်ပြသူ
မြင့်မောင်စိုး

မန်ယူဖလားရရှိရေး ငွေကြေးများစွာ သုံးစွဲနေမှု ဖိအားပေးခံရလိမ့်မည်ဟု မော်ရင်ဟိုပြောကြား

လန်ဒန် ဇူလိုင် ၁၂

မန်ချက်စတာယူနိုက်တက်အသင်းသည် လာမည့်ရာသီအတွက် အောင်မြင်မှုရရှိရန် ငွေကုန်ကြေးကျ အကုန်ခံ၍ ကစားသမားများခေါ်ယူခဲ့ခြင်းမှာ ချန်ပီယံအဖြစ် ဆက်လက်ရပ်တည်ရေး ဖိအားပေးခံရလိမ့်မည်ဖြစ်ကြောင်း ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက အခိုင်အမာပြောကြားလိုက်သည်။

သတိပေး

မန်ယူက ပေါင်သန်း ၅၀ အကုန်အကျခံ၍ ကစားသမားများခေါ်ယူခဲ့ပြီးချိန်တွင် မော်ရင်ဟိုက အထက်ပါအတိုင်း သတိပေးပြောကြားလိုက်ခြင်းဖြစ်သည်။ မန်ယူသုံးစွဲသည့် အဆိုပါငွေကြေးသည် မိမိတို့၏ဖလား ပြန်လည်ရရှိရေး ကြိုးပမ်းမှုကို ထိန်းချုပ်နိုင်လိမ့်မည်မဟုတ်ကြောင်းလည်း မော်ရင်ဟိုက ဆိုသည်။

ငွေကြေးသုံးစွဲတိုင်း အောင်မြင်မှုရမည်ဆိုလျှင် လူတိုင်းက ချယ်လ်ဆီးအသင်းကို အောင်မြင်မှုရလိမ့်မည်ဟုလည်း မော်ရင်ဟိုက ညွှန်းဆိုသည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် ချယ်လ်ဆီးအသင်းပိုင်ရှင် အေဗရာမိုဗစ်ချ်အနေဖြင့် ၂၀၀၃ ခုနှစ်ကချယ်လ်ဆီးအသင်းကို ပိုင်ဆိုင်ခဲ့ပြီးနောက် အသင်းအောင်မြင်မှု ရရှိရန် ငွေကြေးသန်းပေါင်းများစွာ ကုန်ကျခံသုံးစွဲမှုများကို စောင့်ကြည့်နေခဲ့သည်။ ယင်းအချက်ကို ထောက်ရှုလျက် မန်ယူက လာမည့်ဘောလုံးရာသီအတွက် အောင်မြင်မှုများဆက်လက်ရရှိရန် အိုဝင်ဟားဂရေ့ဗ်၊ နာနီနှင့်အင်ဒါဆင် တို့ကို ခေါ်ယူစာချုပ်ခဲ့သည့်အပြင် ဝက်စ်ဟမ်းတိုက်စစ်မှူး ကားလို့စ်တီဗက်ဇ်ကိုလည်း အရခေါ်ယူရေးကြိုးစားခဲ့သည်။ (အင်တာနက်)

ချယ်လ်ဆီးနည်းပြ မော်ရင်ဟို။

မန်ယူနည်းပြ ဖာဂူဆန်။
(ဓာတ်ပုံ–အင်တာနက်)

ပြင်သစ် ခရီးရှည်စက်ဘီးစီးပြိုင်ပွဲ တတိယနေ့တွင် ပြိုင်ပွဲဝင်များ ဤသို့ အကြိတ်အနယ် ပြိုင်ပွဲဝင်ခဲ့ကြသည်။ (ဓာတ်ပုံ–အင်တာနက်)

ပြင်သစ်ခရီးရှည် စက်ဘီးစီးပြိုင်ပွဲ ကင်ဆယ်လာ ဦးဆောင်နေ

လန်ဒန် ဇူလိုင် ၁၂

ဇူလိုင်ဂရက်က လန်ဒန်မြို့မှ စတင်တာထွက်ခဲ့သော ပြင်သစ် ခရီးရှည်စက်ဘီးစီးပြိုင်ပွဲသုံးရက်မြောက်နေ့ ပြိုင်ပွဲအပြီး ဆွစ်ဇာလန်မှ ကင်ဆယ်လာသည် စုစုပေါင်းသုံးရက် စံချိန်၁၅နာရီ ၁၂မိနစ်စက္ကန့်ဖြင့် အခြားပြိုင်ဘက်များကို ဦးဆောင်နေသည်။

ဦးဆောင်

၎င်းသည် အခြား ပြိုင်ဘက်များကို ၃၃စက္ကန့်အသာဖြင့် ဦးဆောင်နေခြင်းဖြစ်သည်။

ဗိုလ်စွဲ

ကင်ဆယ်လာသည်သုံးရက်မြောက်နေ့ ပြိုင်ပွဲဝင်ခရီးဖြစ်သည့် ဝါဂျမ်–ကင်ပိန်ခရီးပြိုင်ပွဲ၌ စံချိန်၆နာရီ ၃၆ မိနစ်၁၅စက္ကန့်ဖြင့် ဗိုလ်စွဲခဲ့သည်။

ကွာဝေး

ယင်းခရီး ပြိုင်ပွဲသည် တိုးဒီဖရန့်၏ အရှည်ဆုံးခရီးဖြစ်ပြီး ၂၃၆ ကီလိုမီတာ ကွာဝေးသည်။

(အင်တာနက်)

ကိုပါအမေရိကဖလား ဆက်လက်ယှဉ်ပြိုင် လက်ရှိချန်ပီယံဘရာဇီး ပယ်နယ်တီဖြင့် ဗိုလ်လုပွဲတက်ရောက်

မာရာကိုင်ဘို (ဗင်နီဇွဲလား) ဇူလိုင် ၁၂

ဘရာဇီးအသင်းအတွက် ဒုတိယမြောက် ဂိုးသွင်းသူ ဘာတစ္စတာ။ (ဓာတ်ပုံ–အင်တာနက်)

ကိုပါအမေရိကဖလားအကြို ဗိုလ်လုပွဲစဉ်ကို ဇူလိုင်၁၁ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ လက်ရှိချန်ပီယံ ဘရာဇီးအသင်းသည် ဥရုဂွေး အသင်းကို တစ်ဖက် နှစ်ဂိုးစီ သရေကျခဲ့ပြီးနောက် ပယ်နယ်တီ ငါးဂိုး–လေးဂိုးဖြင့် နိုင်ကာ ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

ချန်ပီယံဘရာဇီးအသင်းသည် ပွဲစပြီး ၁၃မိနစ်အကြာ ဗွေဆော်ဦး ဂိုးသွင်းယူနိုင်ခဲ့သည်။ သို့ရာတွင် ပထမပိုင်း လေလွင့်ချိန်၌ ဥရုဂွေးက ချေပဂိုးသွင်းယူနိုင်ခဲ့၍ တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သည်။

သို့ရာတွင် ဒုတိယပိုင်းပြန်စပြီး မကြာမီ အာဆင်နယ်တိုက်စစ်မှူးဟောင်း ဘာတစ္စတာက ပြန်လည်ဦးဆောင်ဂိုး သွင်းယူခဲ့ပြန်သည်။

ချေပဂိုး

ဘရာဇီးတို့ ဗိုလ်လုပွဲနေရာအတွက် အရယူရန် ထိန်းချုပ်ကစားနေချိန်တွင် ဥရုဂွေးအတွက် ပွဲချိန်မိနစ်၇၀၌ လူစားဝင်လာသူ အဘာရီရှုးက ချေပဂိုးသွင်းယူခဲ့၍ တစ်ဖက်နှစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သည်။ **(အင်တာနက်)**

အင်တာနက် အားကစားသတင်း အတိုအထွာ

* **အာဆင်နယ်အသင်းက ယွန်းဘတ်အား စီးရီးအေအသင်းဖီအိုရင်တီးနားသို့ ရောင်းချရန် ဆွေးနွေးလျက်ရှိကြောင်း သိရသည်။**
* မန်စီးတီးအသင်းက ရက်ဂျီးနားတိုက်စစ်မှူး ဘီယန်ချိုင်းအား ပေါင်၈ဒသမ၈သန်းဖြင့် ခေါ်ယူရန် သဘောတူညီလိုက်သည်။
* **ရီးရဲဆိုစီဒက် ကွင်းလယ်ကစားသမား မိုက်ကယ်အလွန်ဆိုသည် လာမည့် ရာသီတွင် ဘော်လ်တန်အသင်းသို့ အငှားလာရောက်ကစားမည်ဖြစ်ကြောင်း သိရသည်။** (အင်တာနက်)

လက်ထပ်မင်္ဂလာ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်မွန်အိမ်ရာ၊ တိုက်အမှတ် ၅၊ အခန်း ၇ နေ
ဦးကြည်ဝင်း-ဒေါ်သန်းသန်းနု
တို့၏တစ်ဦးတည်းသောသား

မောင်သက်ပိုင်စိုး Business Management (Final Year)
Microsoft Certified Professional (M.C.P)
International Diploma in E-Commerce (NCC,U.K)
Diploma in Information Technology (Dip I.T)
Software Engineer (Research and Development)
Newxdge Pre., Ltd. (Singapore)

နှင့်

ရန်ကုန်မြို့၊ ပါရမီရိပ်သာ၊ စပါယ်ရုံလမ်း၊ အမှတ် ၆၅၃နေ
ဦးအောင်ခင် Executive Director (T.T.E) -ဒေါ်ခင်ရွှေစင်ဦး Principal(T.A.G)
တို့၏တစ်ဦးတည်းသောသမီး

မမြမှူးခင် B.A (English)
Microsoft Certified Professional (M.C.P)
International Diploma in E-Commerce (NCC,U.K)
Member of Association for Childhood Education International (ACEI-USA)
Software Engineer / Technical Project Lead
Newxdge Pte., Ltd. (Singapore)

တို့၏ ၂၄-၆-၂၀၀၇ရက် (တနင်္ဂနွေနေ့) Sedona Hotel (Grand Ballroom) တွင် ကျင်းပပြုလုပ်သော မင်္ဂလာညစ့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ရန်ကုန်တက္ကသိုလ် ဘူမိဗေဒဌာန ပါမောက္ခ(ငြိမ်း)နှင့် မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းဥက္ကဋ္ဌ ဒေါက်တာဦးသိန်းနှင့်ဇနီး ဒေါ်ခင်ငွေးမြင့်တို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော ဒဂုံတက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း)ဒေါက်တာမောင်သင်းနှင့်ဇနီး ရန်ကုန်တက္ကသိုလ် ပထဝီဝင်ဌာန ကထိက(ငြိမ်း) ဒေါ်ခင်စောအေးတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်နှင့် မင်္ဂလာအခါတော်ပေး သီဆိုပေးသော တေးသံရှင် နွဲ့ယဉ်ဝင်း၊ တေးသံသာများဖြင့် ဖျော်ဖြေပေးသော နိုက်တင်ဂေး(တေးသီငှက်)အဖွဲ့သားများနှင့် တေးသံရှင်များ၊ မေတ္တာဖြင့် စိန်ရတနာများဆင်မြန်းပေးပါသော (ဗိုလ်ချုပ်ဈေး၊ ရွှေရတီ) စိန်ရတနာဆိုင်မှ ဦးအောင်ဇေယျနှင့် ဒေါ်တင်သင်းသင်းသန်း၊ သတို့သား၊ သတို့သမီးဝတ်စုံနှင့် မိတ်ကပ်ဆံပင် ခင်စန်းဝင်းနှင့်အဖွဲ့၊ ဗီဒီယိုနှင့်ဓာတ်ပုံ ဝဏ္ဏခွာနီးနှင့်အဖွဲ့၊ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ Sedona Hotel မန်နေဂျာနှင့် ဝန်ထမ်းများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သော မိဘများနှင့်
မောင်သက်ပိုင်စိုးနှင့် မမြမှူးခင်။

MRCS (Membership of Royal College of Surgeons)
အပိုင်း(၁)ဝင်ခွင့်
အရည်အချင်းစစ်စာမေးပွဲ လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် ၂၀၀၇ခုနှစ် ဩဂုတ်လအတွင်း ကျင်းပပြုလုပ်မည့် MRCS အပိုင်း(၁)စာမေးပွဲအတွက် ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲဖြေဆိုရန် အောက်ဖော်ပြပါအရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

က။ M.Med.Sc (Surgery),M.Med.Sc(Orthopaedics),M.Med.Sc(ENT),ဘွဲ့ရရှိထားသူ အစိုးရဝန်ထမ်းအဖြစ် လက်ရှိတာဝန်ထမ်းဆောင်နေသူ

ခ။ လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၄၅)နှစ်ထက် မကျော်လွန်သူ

ဂ။ **ဘွဲ့ရပြီးပါက အစိုးရဝန်ထမ်းအဖြစ်ဆက်လက်အမှုထမ်းမည့်သူ**

ဃ။ လျှောက်ထားသူသည် ရေးဖြေစာမေးပွဲစစ်ဆေးသည့်ရက် ၉-၈-၂၀၀၇ရက်တွင် အခြေခံဝန်ထမ်းလောင်းသင်တန်း(ဖေယျ)(သို့မဟုတ်) အရာထမ်းအခြေခံသင်တန်း (သို့မဟုတ်) အကြိုဝန်ထမ်းလောင်းသင်တန်း(အကြိုဖေယျ) (သို့မဟုတ်) အထူးဝန်ထမ်းလောင်း(ဆရာဝန်) သင်တန်းတက်ပြီးသူ။

၂။ လျှောက်လွှာပိတ်သည့်ရက်မှာ ၁-၈-၂၀၀၇ရက်ဖြစ်ပါသည်။

၃။ ဝင်ခွင့်ရေးဖြေစာမေးပွဲကို ၉-၈-၂၀၀၇ရက်တွင် ဆေးတက္ကသိုလ်(၁)ရန်ကုန် မြို့မကျောင်းလမ်းတွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပစစ်ဆေးမည်ဖြစ်ပါသည်။

စဉ်	ဘာသာရပ်	နေ့ရက်	စစ်ဆေးမည့်အချိန်	မေးခွန်းပုံစံ
၁။	ကျွမ်းကျင်ဘာသာရပ် M.Med. Sc(Surgery) M.Med.Sc(Orthopaedics) M.Med.Sc(ENT)	၉-၈-၂၀၀၇	နံနက်၉နာရီမှ ၁၁နာရီအထိ	(Surgery in General With Basic Science Applied to Surgery) MCQ
၂။	အင်္ဂလိပ်စာဘာသာရပ်	၉-၈-၂၀၀၇	မွန်းလွဲ၂နာရီမှ ညနေ၄နာရီအထိ	

၄။ လျှောက်ထားသူသည် အရည်အချင်းစစ် စာမေးပွဲဝင်ကြေးကျပ် ၁၀၀၀(ကျပ်တစ်ထောင်တိတိ)ကို ရန်ကုန်မြို့ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၃)တွင် ဆေးသိပ္ပံပညာဦးစီးဌာန ငွေစာရင်းအမှတ် အမ်ဒီ/၀၀၄၄၉၆ သို့ပေးသွင်းပြီး ချလန်မူရင်းတစ်စောင်ကို လျှောက်လွှာနှင့်အတူ ပူးတွဲပေးပို့ ရမည်ဖြစ်ပါသည်။

၅။ လျှောက်လွှာတွင်ဖော်ပြပါရှိရမည့် အသေးစိတ်အချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်များ၊ တိုင်း၊ ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူးရုံးများတွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

ဆေးသိပ္ပံပညာဦးစီးဌာန။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်ကိုင်ဆောင်သော Passport No.628886 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက စာအုပ်ပါလိပ်စာအတိုင်း ပြန်လည်ပေးပို့ပါရန်။ **အောင်ကျော်စိုး။**

ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးအတွင်း သန့်ရှင်းရေးဆောင်ရွက်

ရန်ကုန် ဇူလိုင် ၁၂

ဧရာဝတီရေတပ်စခန်းဌာနချုပ်နှင့် ဗိုလ်တထောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ကြီးမှူး၍ ဧရာဝတီရေတပ်စခန်းဌာနချုပ်မှ အရာရှိ၊ စစ်သည် ၁၇၀၊ ဗိုလ်တထောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် မြို့နယ်လူမှုရေးအသင်းအဖွဲ့ဝင် ၃၀ စုစုပေါင်းအင်အား ၂၀၀တို့သည် ဇူလိုင် ၁၀ရက် နံနက် ၇နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုကို ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်နှင့်တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ ဗိုလ်တထောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ တာဝန်ရှိသူတို့က လိုက်လံကြည့်ရှု အားပေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကားရောင်းမည်
Toyota- Coaster Mini-Bus
ခေါင်မြင့် ၂၅ယောက်စီး
၅ခ/ ၈---- ကျော်
ဖုန်း-၀၉-၅၁-၄၈၂၃၆၊ ၆၄၄၄၄၉။

မော်နီတာအပျက်ဝယ်သည်

ကွန်ပျူတာ မော်နီတာအပျက်များကို အိမ်တိုင်ရာရောက် ဝယ်ယူလိုပါသည်။

ဆက်သွယ်ရန် ဖုန်း-၅၂၆၈၉၈။



အလှပြင်ဆိုင်များ ဝမ်းမြောက်ဖွယ်

၁၄-၇-၂၀၀၇ရက်(စနေနေ့)မှာ ဟိန်းသီရိ အလှပြင်ပစ္စည်း အရောင်းခန်းမနှင့် ယုအလှပြင်ဆိုင်(၃) ဖွင့်လှစ်ပါမည်။

ပစ္စည်းစုံ၊ အဖိုးချို၊ အရည်အသွေးကောင်း၊ ကျွမ်းကျင်ပညာရှင်ကိုယ်တိုင် လက်တွေ့စမ်းသပ် စစ်ဆေးရှင်းလင်းပေးပါမည်။

ဆိုင်သစ်ဖွင့်မည့်သူတွေအတွက် Discount နဲ့ ကူညီပေးပါမယ်။ ဆိုင်ဖွင့်ပွဲမှာ အထူး Discount ဖြင့် ရောင်းချပေးပါမယ်။

ဟိန်းသီရိအလှပြင်ပစ္စည်းအရောင်းခန်းမနှင့် ယုအလှပြင်ဆိုင်(၃)၊ အမှတ် ၂၂၄၊ ၂၉ လမ်း(အထက်)၊ ရန်ကုန်မြို့။

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

၁၆နှစ်အောက်အမျိုးသမီးများ ကိုယ်ဟန်ပြလမ်းမလျှောက်သင့် အသက်အရွယ်ရလာလျှင် ကျန်းမာရေးထိခိုက်နိုင်

အသက် ၁၆နှစ်အောက် မိန်းကလေးများအနေဖြင့် စင်မြင့်ထက်၌ ကိုယ်ဟန်ပြလမ်းလျှောက်မှု မပြုလုပ်သင့်ကြောင်း ဗြိတိသျှသုတေသနပညာရှင်များက ပြောကြားလိုက်သည်။

ထိခိုက်စေ

ကိုယ်ဟန်ပြ လမ်းလျှောက်ကြသည့် မော်ဒယ်မိန်းကလေးငယ်များအနေဖြင့် ခန္ဓာကိုယ်သေးသွယ်အောင် ကိုယ်အလေးချိန်ချခြင်း၊ အစားအသောက် အနေအထိုင် ပြောင်းလဲခြင်းတို့သည် ကျန်းမာရေးကို တစ်ဖက်တွင် ထိခိုက်စေကြောင်း ၎င်းတို့က ပြောကြားသည်။

သတိပြု

အစားအသောက် အနေအထိုင်များကြောင့် ရေရှည်တွင် ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်မှုကို ဖြစ်စေကြောင်း၊ မော်ဒယ်အများအပြားသည် ကျန်းမာရေးထိခိုက်မှုအပေါ် သတိပြုမှုမရှိကြောင်း

လန်ဒန်မြို့မှ သုတေသနပညာရှင် ဘရွန်းနက်စ်က ပြောကြားသည်။

ထိခိုက်စေ

ငယ်ရွယ်စဉ် အစားအစာနှင့် အနေအထိုင် ပုံမှန်မဖြစ်ပါက အသက်အရွယ်ရလာသည့်အခါ ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

သစ်တောသယံဇာတ ထိန်းသိမ်းရေးအသင်းအစည်းအဝေး

ရန်ကုန် ဇူလိုင် ၁၂

သစ်တောသယံဇာတ ပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်း (FREDA)၏ ဒသမအကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို ဇူလိုင် ၂၁ရက် (စနေနေ့) မွန်းလွဲ၁နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန(IBC)၌ ကျင်းပမည်ဖြစ်ရာ အသင်းသားများအားလုံး မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။ **(က-ပ)**

■ **ကျောဖုံးမှ**

တင်ဒါစနစ်ရောင်းချ

ကျောက်မျက်ရတနာပြပွဲတွင် ကျန်ရှိသော ကျောက်စိမ်းအတွဲများကို ယမန်နေ့ညနေ ၄နာရီမှ ည ၇နာရီအထိ တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချရာ ကျောက်စိမ်းအတွဲပေါင်း ၂၆၄တွဲကို ပြည်တွင်းပြည်ပ ရတနာကုန်သည်များကဝယ်ယူခဲ့ကြသည်။ ယမန်နေ့တစ်နေ့တည်းပင် ကျောက်စိမ်းအတွဲပေါင်း ၉၈၀တွဲကို တင်ဒါစနစ်ဖြင့် ရောင်းချခဲ့ရသည်။

ကျန်ရှိသော ကျောက်စိမ်းအတွဲများကို သတ္တမနေ့အဖြစ် ယနေ့ နံနက် ၈နာရီမှ ညနေ ၄နာရီအထိ ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချရာ ကျောက်စိမ်းအတွဲပေါင်း ၃၁တွဲကို ရတနာကုန်သည်များက အပြိုင်အဆိုင် ဝယ်ယူကြသည်။ ကျန်ရှိသော ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ညပိုင်းအထိ ဆက်လက်ရောင်းချလျက်ရှိသည်။

ဈေးပြိုင်စနစ်

အဆိုပါကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲအစီအစဉ်အရ ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ဇူလိုင် ၆ရက်မှ ယနေ့အထိ ခုနစ်ရက်အတွင်း ကျောက်စိမ်းအတွဲပေါင်း ၄၀၃၂တွဲကို ရောင်းချခဲ့ရသည်။

ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ယနေ့မှ ဇူလိုင် ၁၆ရက်အထိ ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**



ဖလမ်း သူနာပြုကျောင်း သူနာပြုဦးဆောင်းအပ်နှင်း၊ ထူးချွန်ဆုပေး ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်း အမှာစကားပြောကြား

ဖလမ်း ဇူလိုင် ၄

ချင်းပြည်နယ် ဖလမ်းမြို့ သူနာပြုကျောင်း အမှတ်စဉ်(၁၄)သင်တန်းသူများအား သူနာပြုဦးဆောင်း အပ်နှင်းပွဲကို ဇွန်၁၃ရက် နံနက် ၉ နာရီက ဖလမ်းမြို့ သူနာပြုကျောင်း သဇင်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်း၊ ဖလမ်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအုန်းမောင်စည်နှင့်အဖွဲ့ဝင်များ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဝင်းငွေနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သင်တန်း ကျောင်းအုပ်နှင့်နည်းပြများ၊ သင်တန်းသူများ တက်ရောက်ကြသည်။

ထူးချွန်ဆုပေးအပ်

ရှေးဦးစွာ ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းက အမှာစကား ပြောကြားသည်။ ဆက်လက်၍ ချင်းပြည်နယ် သူနာပြု လက်ထောက်ညွှန်ကြားရေးမှူးနှင့် ခရိုင်ဆရာဝန်ကြီးတို့က သင်တန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြပြီး အမှတ်စဉ်(၁၄)သူနာပြုသင်တန်းသူ ၄၉ဦးအား တာဝန်ရှိသူများက ဦးဆောင်းနှင့် သင်တန်းထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် သင်တန်းကျောင်းအုပ်က ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကမ္ဘာ့ ဆေးလိပ်မသောက်ရေးနေ့ ဟောပြော

နွားထိုးကြီး ဇူလိုင် ၃

ကမ္ဘာ့ ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲကို ဇွန် ၈ ရက်က နွားထိုးကြီး ပြည်သူ့ဆေးရုံ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးတင့်ဇော်က အမှာစကားပြောကြားပြီး မြို့နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာ ဉာဏ်ထွန်းဦးက ကမ္ဘာ့ ဆေးလိပ်မသောက်ရေးနေ့အကြောင်း အကျယ်တဝင့် ဟောပြောသွားကြောင်း သိရသည်။ (၂၂၇)

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြု ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

ပဲခူး ဇူလိုင် ၆

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲကို ဇူလိုင် ၂ ရက် နံနက် ၈ နာရီက ပဲခူးမြို့နယ် ညောင်အင်းကျေးရွာအုပ်စု၌ ကျင်းပသည်။ **(အပေါ်ပုံ)**

တက်ရောက်

အခမ်းအနားသို့ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဖေသိန်း၊ ပဲခူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဆွေညွှန့်နှင့် အဖွဲ့ဝင်များ၊ ပဲခူးခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ ဒေသခံပြည်သူများ အင်အား စုစုပေါင်း ၁၂၀၀ခန့် တက်ရောက်သည်။

ကြည့်ရှုအားပေး

ထို့နောက် ခြံစည်းရိုးကြက်ဆူပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြပြီး ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် ပဲခူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးမှုကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာအမျိုးသမီးများနေ့ဂုဏ်ပြု ပေါက်ခေါင်း၌ စာစီစာကုံးပြိုင်ပွဲဆုပေးအပ်

ပေါက်ခေါင်း ဇူလိုင် ၅

ပေါက်ခေါင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုသောအားဖြင့် မြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲကို ဇွန် ၁၉ရက်က အိုးဘိုကုန်း အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

ဆုချီးမြှင့်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဝင်းလှိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စမ်းယုနိုင်**(ဝဲပုံ)** တို့က ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

(မြို့နယ်အမျိုးသမီးရေးရာ)

မြို့နယ် သတင်းများ

လင်းခေးမြို့နယ် ကြက်ခြေနီတပ်ဖွဲ့သို့ ရေဘေးကယ်ဆယ်ရေးသုံး စက်လှေတည်ဆောက်ရန် ငွေလှူဒါန်း

လင်းခေး ဇူလိုင် ၂

လင်းခေးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ မြို့နယ် ကြက်ခြေနီတပ်ဖွဲ့သို့ ရေဘေးကယ်ဆယ်ရေးသုံး စက်လှေတည်ဆောက်ရန် အလှူငွေများ ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၂၅ရက် နံနက် ၈နာရီက အဆိုပါ ဌာနရှိ ခန်းမ၌ကျင်းပသည်။ ရှေးဦးစွာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး အုန်းမြင့်က အမှာစကားပြောကြားပြီး အလှူငွေပေးအပ်ပွဲကျင်းပရာ မြို့နယ်မှ လုပ်ငန်းရှင် ၁၄ဦးက အလှူငွေများ ပေးအပ်လှူဒါန်းကြပြီး နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး အုန်းမြင့်က **(အပေါ်ပုံ)** လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထိုနေ့ လှူဒါန်းသည့် အလှူငွေ စုစုပေါင်းမှာ ငွေကျပ် ၉၅၅၀၀၀ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အသိပညာပေး ဟောပြောပွဲ ကျင်းပ အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာပေးအပ်

မုံရွာ ဇူလိုင် ၃

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် စစ်ကိုင်းတိုင်း၊ တိုင်း၊ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော အသိပညာပေးဟောပြောပွဲနှင့် ရွာလေးရွာ ရာနှုန်းပြည့် အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၀ရက် နံနက် ၉နာရီခွဲက မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် ဆုံတားကျေးရွာ မြတ်ဆုမွန် စေတီတော်မြတ်ကြီး အတွင်း၌ ကျင်းပသည်။

ရှေးဦးစွာတိုင်းအမျိုးသမီးရေးရာ အဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြမြင့်သူက အဖွင့်အမှာ စကားပြောကြားပြီး**(အောက်ပုံ)** မုံရွာခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဥမ္မာအောင်က အမျိုးသမီးရေးရာ အဖွဲ့အကြောင်းကို လည်းကောင်း ပညာပေးဟောပြောသည်။

ပညာပေးဟောပြော

ထို့နောက် ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ် ဒေါ်ရီရီသန်းက လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး အကြောင်းကိုလည်းကောင်း၊ ဒုတိယ ခရိုင် ဥပဒေအရာရှိ ဒေါ်ကေသီနိုင်က အမျိုးသမီးများ၏ ရပိုင်ခွင့်ဥပဒေများ အကြောင်းကိုလည်းကောင်း၊ ကျားတက်

စံပြကျေးရွာကျန်းမာရေးဌာနမှဆရာမ ဒေါ်ကျော့ကျော့ခိုင်က ဝမ်းပျက်၊ ဝမ်းလျှောနှင့် သွေးလွန်တုပ်ကွေး ရောဂါအကြောင်းကို လည်းကောင်း အသီးသီး ပညာပေးဟောပြောသည်။

ရန်ပုံငွေပေးအပ်

ဆက်လက်ပြီး တိုင်းအမျိုးသမီး ရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြင့်သူထံသို့ မန္တလေးမြို့ မနောသုခ သစ်သီးပွဲရုံ ပိုင်ရှင် ဦးခင်မောင်က ဆုံတား၊ မြေဖွန်း၊ အေးရွာ၊ အိုးဘိုကျေးရွာများရှိ အမျိုးသမီး၁၅၂၆ဦးအတွက် အမျိုးသမီး ရေးရာ အဖွဲ့ဝင်ကြေးနှင့် အမျိုးသမီး ရေးရာ အဖွဲ့ဝင် ၈၈ဦးအတွက် ဝတ်စုံဖိုး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွက် ရန်ပုံငွေ စုစုပေါင်း အလှူငွေ ကျပ်ခုနစ်သိန်း ပေးအပ်လှူဒါန်းသည်။

အဆိုပြုလွှာပေးအပ်

ထို့နောက် တိုင်းအမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြင့်သူထံ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေး အေးချိုက ဆုံတား၊မြေဖွန်း၊ အိုးဘိုနှင့် အေးရွာ ကျေးရွာလေးရွာမှ အမျိုးသမီး ရေးရာအဖွဲ့ ရာနှုန်းပြည့် အဖွဲ့ဝင်အဆိုပြုလွှာများကို ပေးအပ်ရာ တိုင်းအမျိုး သမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်မြမြင့်သူက အသိအမှတ်ပြုကတ်ပြားနှင့် ရင်ထိုး တံဆိပ်များ ပြန်လည်ပေးအပ်သည်။

(ခရိုင် ပြန်/ဆက်)

13-7 (15) 1 7/12/07, 2:58 PM

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် ၁၆လမ်း အမှတ် ၈၁နေ ဖခင် ဦးမောင်ထွန်းအား ရည်စူး၍ ဒေါ်ကျင်အေး၊ သားသမီး၊ မြေးတစ်စုတို့က အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ဦးကောဏ္ဍည(ဓမ္မာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ကန်ပက်လက်မြို့၌ စွယ်တော်လမ်းတာချဲ့

ကန်ပက်လက် ဇူလိုင် ၂

ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူ ဆောင်ရွက်နေသော မြို့မ ရပ်ကွက် စွယ်တော်လမ်း တာချဲ့ခြင်း လုပ်ငန်းဆောင်ရွက်မှုကို ဇွန် ၂၈ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်လင်းနှင့် အဖွဲ့ဝင်များ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်ကိုထွင်၊ တာဝန်ခံအင်ဂျင်နီယာ ဦးဗန်နိလျှန်တို့က လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဦးကျော်လင်းအား ရည်စူး၍ ရန်ကုန်တိုင်း လသာမြို့နယ် ၁၈လမ်း မြေညီထပ် အမှတ် (၁၁၇) နေ ဒေါ်ညွန့်ရီ မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်း တော် ကြီး အတွက် အလှူငွေကျပ် တစ်သိန်းကို

အနုနာယက ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နို (ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာအမျိုးသမီးများနေ့ ကျိုင်းတုံ၌ ဟောပြော

ကျိုင်းတုံ ဇူလိုင် ၅

ကျိုင်းတုံခရိုင် အမျိုးသမီးရေးရာအဖွဲ့သည် ဇွန် ၂၅ ရက်က ကျိုင်းတုံမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ မြန်မာအမျိုးသမီးများနေ့ ဟောပြောပွဲကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်လှဝေက အဖွင့်မိတ်ဆက်စကား ပြောကြားသည်။ **(ဝဲပုံ)**

ထို့နောက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ခင်ဝင်းက အမျိုးသမီးများနှင့်ယဉ်ကျေးမှု ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပညာရေးအဖွဲ့ခေါင်းဆောင် ဒေါ်ခင်မာအေးက အမျိုးသမီးနှင့် ပညာရေး ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောရာ အဆိုပါဟောပြောပွဲသို့ ခရိုင်နှင့် မြို့နယ်၊ ရပ်ကွက်အမျိုးသမီးရေးရာအဖွဲ့ဝင် ၅၃ ဦးနှင့် ကျောင်းသူ ၂၅၀ တို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(အမျိုးသမီးရေးရာ)**

ဖန်းမော်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများ ပညာသင်ထောက်ပံ့ကြေးပေးအပ်

ဗန်းမော် ဇူလိုင် ၄

ဗန်းမော်ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းသားသမီးများအား ၂၀၀၇-၂၀၀၈ခုနှစ်အတွက် ပညာသင်စရိတ်ထောက်ပံ့ကြေး ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၃ရက် မွန်းလွဲ ၁နာရီက ဗန်းမော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပေးအပ်

အခမ်းအနားတွင် ဗန်းမော်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းက အမှာစကားပြောကြားပြီး ဗန်းမော်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းသားသမီး ၂၁ဦးတို့အား ပညာသင်စရိတ်ထောက်ပံ့ကြေးငွေ ကျပ် ၁၄၂၀၀၀နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းသားသမီး ၄၁ဦးတို့အား ပညာသင်စရိတ် ထောက်ပံ့ကြေးငွေ ကျပ် ၁၂၁၀၀၀ကို ဗန်းမော်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးစိုးဝင်း၊ ဗန်းမော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးခင်မောင်အေးနှင့် ဗန်းမော်ခရိုင် မိသားစုစည်းရုံးရေးနှင့် စည်းကမ်း ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်ခင်စန်းဝေတို့က ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

အိုင်အိုဒင်းဆား ရာနှုန်းပြည့်စားသုံးရေး ပညာပေး

စစ်တွေ ဇူလိုင် ၁

စစ်တွေခရိုင် မင်းပြားမြို့နယ် အိုင်အိုဒင်းဆား ရာနှုန်းပြည့်စားသုံးရေး ပညာပေးဟောပြောပွဲ အခမ်းအနားကို ဇွန် ၁၆ ရက် နံနက် ၈ နာရီက မင်းပြားမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဇော်မြင့်သိန်းက အမှာစကားပြောကြားပြီး မြန်မာ့ဆားလုပ်ငန်း ရခိုင်ပြည်နယ် မန်နေဂျာ ဦးဝင်းသိန်းနှင့် မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသိန်းထွန်းတို့က အိုင်အိုဒင်းဆား ရာနှုန်းပြည့် စားသုံးရေးနှင့် ပတ်သက်ပြီး အသီးသီးပညာပေး ရှင်းလင်းဟောပြောကြသည်။

လှူဒါန်း

ယင်းနောက် မြန်မာ့ဆားလုပ်ငန်း ရခိုင်ပြည်နယ်မန်နေဂျာ ဦးဝင်းသိန်းက အိုင်အိုဒင်းဆား စားသုံးရေးအတွက် အလှူငွေနှင့်အိုင်အိုဒင်းဆားများကို ခရိုင်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့သို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

စက်ရေတွင်းတူးဖော်

မြဝတီမြို့ အမှတ်(၄)ရပ်ကွက်တွင် လေးလက်မစက်ရေတွင်း တူးဖော်ပြီးစီးမှုကို ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ကြီး ဇွန် ၈ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးငွေစိုးတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မိတ္ထီလာမြို့နယ်၌ ကျေးလက်ရေရရှိရေး စက်ရေတွင်းတူးဖော်

မိတ္ထီလာ ဇွန် ၂၀

မိတ္ထီလာမြို့နယ် မြောက်လည်ကျေးရွာအုပ်စု ကြိုးစုကျေးရွာ ရေရရှိရေးအတွက် နှစ်လက်မစက်ရေတွင်းကို မေ ၁၅ရက်က တူးဖော်ခဲ့ပြီး ရေမှုတ်စမ်းသပ်မှုကို အမှုဆောင်အရာရှိ ဦးခင်မောင်ချို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

အဆိုပါရေတွင်းကို အလှူရှင် ရန်ကုန်မြို့နေ ဒေါ်ပညာစာရီနှင့် ဦးလှအောင်၊ ဒေါ်အေးအေးမြင့် မိသားစု၊ ဦးလင်းမောင်သော်၊ ဒေါ်ခင်မာကြည် မိသားစု၊ မြင်းခြံမြို့နေ မောင်စည်သူ၊ မသွယ်သွယ်နှင်းမိသားစုနှင့် မန္တလေးမြို့နေ ပစ်တိုင်းထောင် ထိုးမုန့်လမုန့် မိသားစုတို့၏ လှူဒါန်းငွေဖြင့် တူးဖော်ပေးခဲ့ခြင်းဖြစ်သည်။ **(မြို့နယ်စည်ပင်)**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ရန်ကုန်အဝေးသင်တက္ကသိုလ်

e- Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

(တနင်္လာမှ သောကြာ) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ

(စနေ၊ တနင်္ဂနွေ) နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ

၁၆-၇-၂၀၀၇ (တနင်္လာနေ့)
- ❑ Basic Elements of poetry
  - ပထမနှစ်အင်္ဂလိပ်စာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Conditional/ IF Patterns
  - တတိယနှစ်အင်္ဂလိပ်စာအထူးပြု ကျောင်းသား ကျောင်းသူများ

၁၇-၇-၂၀၀၇ (အင်္ဂါနေ့)
- ❑ National Unification of Myanmar by Alungmintaya
  - တတိယနှစ်သမိုင်းအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ An Introduction to the Study of Law
  - ပထမနှစ်ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ

၁၈-၇-၂၀၀၇ (ဗုဒ္ဓဟူးနေ့)
- ❑ Continuous Functions
  - တတိယနှစ်သင်္ချာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ "ရဲဘော်မသေ သေသော်ငရဲမလား" စကားပြေပို့ချချက်
  - ပထမနှစ် အဝေးသင်တက္ကသိုလ် ကျောင်းသား ကျောင်းသူများ

၂၀-၇-၂၀၀၇ (သောကြာနေ့)
- ❑ "ဝေဿန်းစန္ဒာ" ကဗျာပို့ချချက်
  - ပထမနှစ် ပင်ရင်းမြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ "ဥမ္မာဒန္တီပျို့မိတ်ဆက်" ပျို့ပို့ချချက်
  - ပထမနှစ် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ

၂၁-၇-၂၀၀၇ (စနေနေ့)
- ❑ Contract Costing
  - ဒုတိယနှစ်စီးပွားစီမံအထူးပြု
- ❑ Linear Programming I
  - ဒုတိယနှစ်စီးပွားစီမံအထူးပြု
- ❑ Financial Accounting (Partnership Account Final A/C)
  - ဒုတိယနှစ်စီးပွားစီမံအထူးပြု
- ❑ Nature of Management
  - ဒုတိယနှစ်စီးပွားစီမံအထူးပြု
- ❑ Income & Expenditure A/C
  - ဒုတိယနှစ်စီးပွားစီမံအထူးပြု
- ❑ Demand Shifter and Supply Shifter
  - ပထမနှစ် စီးပွားရေး၊စီးပွားစီမံ၊ပြည်သူ့ရေးရာအထူးပြု
- ❑ Privatization & FDI in Myanmar
  - ပထမနှစ် ပြည်သူ့ရေးရာ အထူးပြု
- ❑ Consignment Account
  - ပထမနှစ် စီးပွားရေး၊စီးပွားစီမံအထူးပြု
- ❑ Marketing
  - ပထမနှစ် စီးပွားရေး၊စီးပွားစီမံအထူးပြု
- ❑ Finance
  - ပထမနှစ် စီးပွားရေး၊စီးပွားစီမံ အထူးပြု

၂၂-၇-၂၀၀၇ (တနင်္ဂနွေနေ့)
- ❑ Introduction to Statistics
  - ဒုတိယနှစ် ပြည်သူ့ရေးရာအထူးပြု
- ❑ Total Debtors Account and Total Creditors Account
  - ဒုတိယနှစ် စီးပွားစီမံ အထူးပြု
- ❑ Imperfect Competition Market
  - ဒုတိယနှစ် စီးပွားရေး အထူးပြု
- ❑ Cost Accounting (Control of Material Cost)
  - ဒုတိယနှစ် စီးပွားရေး၊စီးပွားစီမံ အထူးပြု
- ❑ Health care and Health Services
  - ဒုတိယနှစ် အိမ်တွင်းစီးပွားအထူးပြု
- ❑ The Family
  - ဒုတိယနှစ် အိမ်တွင်းစီးပွားအထူးပြု
- ❑ Nutrition
  - ဒုတိယနှစ် အိမ်တွင်းစီးပွားအထူးပြု
- ❑ Project Preparation and Evaluation
  - ဒုတိယနှစ် ပြည်သူ့ရေးရာအထူးပြု
- ❑ Income & Expenditure Account
  - ဒုတိယနှစ် စီးပွားစီမံ အထူးပြု
- ❑ The Preparation of Accounts from Single Entry or Incomplete Records
  - ဒုတိယနှစ် စီးပွားစီမံ အထူးပြု

ရန်ကုန်အဝေးသင်တက္ကသိုလ်

ပထမနှစ်နှင့် ဒုတိယနှစ်သင်တန်း(စီးပွားရေးပညာ၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာနှင့် အိမ်တွင်းစီးပွားအထူးပြု) ကျောင်းသား ကျောင်းသူများအတွက် သင်ခန်းစာများကို ၁-၇-၂၀၀၇ ရက်မှ ၁၄-၁၀-၂၀၀၇ ရက်အထိ စနေ၊ တနင်္ဂနွေနေ့တိုင်း နံနက် ၉နာရီမှ ညနေ ၄နာရီအထိ ထုတ်လွှင့်ပေးပါမည်ဖြစ်ပါ၍ မိမိတို့နှင့်အနီးစပ်ဆုံးသင်ယူမှုဌာနသို့ သွားရောက်သင်ယူနိုင်ကြပါသည်။

Gold Star

ကြွေပြား၊ ကျောက်ပြားမျိုးစုံနှင့် ရေချိုးခန်းသုံး ပစ္စည်းများ

အရောင်းပြခန်းအသစ် ဖွင့်လှစ်ခြင်း

11-7-2007-31-7-2007 10% DISCOUNT

PH : 01-660417 , 664548

အမှတ် 161A ... PH: 02-33858 , 71156 HP: 09-2001642, 5018477

PH; 01-226299, 09-5114205

ဖခင်အမည်မှန်

မြစ်ကြီးနားမြို့ ပညာရေးကောလိပ် လေ့ကျင့်ရေး အလယ်တန်းကျောင်း ဒုတိယတန်း(ခ)မှ မဂျော်ဆိုင်းဆန့်၏ ဖခင်အမည်မှန်မှာ ဦးမျိုးအောင်ဆိုင်း ဖြစ်ပါသည်။ **မဂျော်ဆိုင်းဆန့်၏ဖခင် ဦးမျိုးအောင်ဆိုင်း။**

ဦးရာလူရမည်

လက်ရှိအသုံးပြုလျက်ရှိသော 60 KVA (Soundproof) မီးစက်တစ်လုံး အမြန်ရောင်းလိုသည်။ **ဆက်သွယ်ရန် ဖုန်း– ၆၅၃၂၆၁။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ည/၄၃၇၄ Willys/ဂျစ် ယာဉ်လက်ဝယ်ရှိသူ ဦးဇက်ဇော်ဘောက် မှတ်ပုံတင်အမှတ် ၁/မကန(နိုင်) ၀၂၄၄၃၃က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန (ပြည်နယ်ရုံး)၊ မြစ်ကြီးနားမြို့။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မကန/၃၄၆၁ လုံစင်း 125 ယာဉ်လက်ဝယ်ရှိသူ ဦးလွမ်းဇောင်း မှတ်ပုံတင်အမှတ် ၁/ဝမန(နိုင်) ၀၁၅၈၆၇က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန (ပြည်နယ်ရုံး)၊ မြစ်ကြီးနားမြို့။**

ဖုန်း–09-80-23373, 09-80-21312, 09-80-21735

ဝမ်းနည်းကြေကွဲခြင်း

ဦးခင်မောင်စန်း (ရန်ကုန်မြို့)

အသက်(၅၅)နှစ်

UNHCR RIM ရုံးမှ ဦးခင်မောင်စန်း အသက် (၅၅)နှစ်သည် ၁၀–၇–၂၀၀၇ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **ရုံးဝန်ထမ်းများ။**

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြည်ခင်(ငြိမ်း)

အသက် (၃၆) နှစ်

ဒေါ်ဥမ္မာကံမြင့်(ကထိက၊ စီးပွားရေးတက္ကသိုလ်)၏ ခင်ပွန်း ဗိုလ်မှူး ကြည်ခင်(ငြိမ်း)သည် ၇–၇–၂၀၀၇ ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

(ဗိုလ်ကြီးမျိုးထွန်းသိုက်)၊ ဒေါ်ကြူကြူ လင်းလင်းအီလက်ထရွန်နစ်။

အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်း အမှတ် (၁၀၆/၁၀၈) ဧရိယာ ပေ ၅၀ × ပေ ၆၀ ပေါ်ရှိ နှစ်ထပ်အိမ်နှင့် ဘိုးဘွားပိုင်မြေသည် ကွန်ပ်၏အမှုသည်ဖြစ်သူ G.M Ahuja (ခ)ဦးစောတင် ၁၂/ကတတ(နိုင်) ၀၂၃၀၀၇ ၏ ညီတစ်ဝမ်းကွဲတော်စပ်သူ H.T Ahuja(အေစီ–၀၄၈၉၆၃)သည် စာချုပ်စာတမ်းဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ၎င်းကွယ်လွန်သည့်နောက်ပိုင်း ကွန်ပ်၏အမှုသည် တစ်ဦးတည်းသည် ဗုဒ္ဓဘာသာအမွေဆက်ခံပိုင်ခွင့် ဥပဒေနှင့်အညီ ဆက်လက်ပိုင်ဆိုင်ပြီး အခြားအမွေစားအမွေခံ တစ်ဦးတစ်ယောက်မျှမရှိပါ။

အထက်ဖော်ပြပါ အိမ်၊ မြေနှင့်ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်ကိုမျှ H.T Ahuja နှင့် G.M Ahuja တို့မှ ကိုယ်စားလှယ်လွှဲအပ်ပေးထားခြင်း လုံးဝမရှိသည့်အပြင် ငှားရမ်းခြင်း၊ ရောင်းဝယ်ခြင်း၊ ပေါင်နှံခြင်း၊ မေတ္တာဖြင့်ပေးကမ်းခြင်းနှင့် အခြားတစ်နည်းတစ်ဖုံ လွှဲအပ်ပေးထားခြင်းလည်း မရှိပါ။

ထို့ကြောင့် ကွန်ပ်အမှုသည်၏ တရားဝင်ခွင့်ပြုချက် တစ်စုံတစ်ရာ မရှိဘဲ ဖော်ပြပါ အိမ်၊ မြေနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ ခွင့်ပြုမည်မဟုတ်ပါ။ လိုက်နာခြင်းမရှိသူများကို တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးမြအောင် B.A., R.L
တရားရုံးချုပ်ရှေ့နေ (၂၅၇၅)
အမှတ် ၁၁၊ ၃၄ လမ်း(အောက်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်း။

ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ဦးသန်းထိုက်လွင် နိုင်ငံသား ၁၂/အစန(နိုင်) ၁၅၇၅၃၉ အမှတ်–၇၀၉ ကုန်သည်လမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့နေသူ၏ ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ဦးသန်းထိုက်လွင်သည် အောက်ဖော်ပြပါ "GREAT" ကုန်အမှတ်တံဆိပ်အမည် အမှတ်အသား၏ တစ်ဦးတည်းပိုင်ရှင် ဖြစ်ပါသည်။

GREAT

မှတ်ပုံတင်အမှတ်–၂၇၆၅/၂၀၀၇

ဦးသန်းထိုက်လွင်က အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် စက်မှုလက်မှုလုပ်ငန်းသုံး ဘက်ထရီအစို၊ ဘက်ထရီအခြောက်များ၊ မော်တော်ယာဉ်၊ လယ်ယာသုံးယာဉ် စသည့် စက်တပ်ယာဉ်များတွင် တပ်ဆင်အသုံးပြုနိုင်သော ဘက်ထရီအစို၊ ဘက်ထရီအခြောက်များ၊ အိမ်သုံးဘက်ထရီအစို၊ ဘက်ထရီအခြောက်များ၊ ဓာတ်ခဲများ၊ ပလိပ်ပြားများ၊ ဓာတ်လှေကားနှင့် စက်လှေကားသုံး ဘက်ထရီအစို၊ ဘက်ထရီအခြောက်များ၊ မီးရထားစက်ခေါင်းသုံး ဘက်ထရီအစို၊ ဘက်ထရီအခြောက်များ၊ ဂေါက်ကွင်းသုံး ကားဘက်ထရီအစို၊ ဘက်ထရီအခြောက်များ၊ ဘက်ထရီနှင့်ဆက်စပ်ပစ္စည်းဖြစ်သည့် မိုးရေ၊ အက်စစ်ကွန်ပေါင်းတို့ကို ထုတ်လုပ်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝန်းတွင် ဖြန့်ချိရောင်းချလျက်ရှိပါသည်။

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို အတုအပဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ ပြုလုပ်သုံးစွဲသူ၊ ထုတ်လုပ်သူ၊ ဖြန့်ချိရောင်းချသူများကို ဥပဒေအရ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ–
ဒေါ်ခင်အေးမာ
တရားရုံးချုပ်ရှေ့နေ
အမှတ်–၅၆၃ (ပ–ထပ်)၊ ကုန်သည်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ရေစီးရေလာကောင်းရေး

ကွတ်ခိုင်မြို့လယ်ရှိ ပြည်ထောင်စု လမ်းမကြီးဘေးဝဲယာ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် ဇွန် ၇ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်းဆောင်ရွက်မှုကို ဒုတိယဦးစီးမှူး (သန့်)ဦးစိန်လှိုင် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

သန့်ရှင်းသာယာလှပရေး

ကျိုင်းတုံမြို့ သန့်ရှင်းသာယာ လှပရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းဘေး ရေနုတ်မြောင်းအတွင်း ရေဆိုးများ၊ နုန်းများ ဆယ်ယူခြင်းလုပ်ငန်းကို ဇွန် ၁၇ရက်က ဒုတိယဦးစီးမှူး (သန့်) ဦးသက်တင် ဦးဆောင်သောအဖွဲ့ ဝန်ထမ်းများ ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ၂၀၀၇–၂၀၀၈ပညာသင်နှစ် ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို မေ ၂၇ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်သန်းက ဝန်ထမ်းသားသမီး ၂၁ ဦးအတွက် ငွေကျပ် ၂၄၅၀၀၀ တန်ဖိုးရှိ ကျောင်းဝတ်စုံ၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ်
ပထမဝါဆိုလကွယ်နေ့
၁၄–၇–၂၀၀၇
(စနေနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော်(မင်းကွန်းဆရာတော်ကြီး၏မင်္ဂလသုတ်)

နေ့လယ်ပိုင်း

၀၉း၃၀ တူယှဉ်သီကြွေးစုံတွဲတေး
- (၁) လှေကလေး (သုမောင်၊ နီနီဝင်းရွှေ)
- (၂) ချစ်ခရီးလမ်းကလေး (ကေတုဝင်းထွဋ်၊ မေဆွိ)
- (၃) အလှကမ္ဘာမြေ (အောင်ရင်၊ ဟေမာနေဝင်း)

၀၉း၄၅ အာဆီယံ အစီအစဉ်

၁၁း၁၅ သားငါးဖွံ့ဖြိုး ပြည့်အကျိုး (မြောင်းမြမြို့နယ် မြေတံတားရွာမှ ငွေကမ္ဘာ ဘဲမွေးမြူရေး)

၁၁း၃၅ မေတို့ရေးရာသိမှတ်စရာ (အဂ္ဂမဟာသီရိသုဓမ္မသီဂိ ဒေါ်အေးမြတ်နွယ်နှင့် ဆွေးနွေးခန်း)

၁၂း၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ

၁၂း၁၀ ကလေးများအတွက် တေးသီချင်းများ

၁၂း၄၅ (၂၁)ရာစု လူမှုဝေါဟာရများ မိတ်ဆက် (အပိုင်း–၁၁) URBAN မောင်ဆုရှင်

၁၃း၁၀ ပညာရေးအသံလွှင့်အစီအစဉ် [ပဉ္စမတန်း–သင်္ချာအတွဲ(၁) ကိန်းမျဉ်းနှင့် ပြင်ညီတစ်ခုပေါ်တွင် အမှတ်များ နေရာချခြင်း]

ညနေပိုင်း

၁၆း၁၀ သိမှတ်စရာ မြန်မာစကား မြန်မာစာ (မြန်မာစကားမြန်မာ–ပညာပန်းရှစ်ပွင့်) (မောင်ခင်မင်–ဓနုဖြူ)

၁၇း၀၀ ခံစားနားဆင် မြန်မာတေးသံစဉ်
- (၁) မေတ္တာဘုံက ပုံပြင်သက်ထား (ကိုသန်းလှိုင်)
- (၂) အလွမ်းမရှိတဲ့အသည်း (မြင့်မြင့်စိန်)
- (၃) တစ်ရွာသားအချစ် (ဟသ်ာတ အောင်တင်ဝင်း)

၁၇း၁၅ ခေတ်ဟောင်းတေး
- (၁) ဆုထူးရွှယ် (ဦးဘညွန့်)
- (၂) မိဘမေတ္တာ (ဒေါ်ကြည်အောင်)
- (၃) ပွဲကြိုက်မယ် (စောင်းဦးဘသန်း)
- (၄) ဆယ့်နှစ်လရာသီ (မေမေဝင်း)

၁၇း၃၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း

၁၇း၄၅ ကျန်းမာကြံ့ခိုင် ဒို့မဏ္ဍိုင် (ကျန်းမာဖို့ ကိုယ်လက်လှုပ်ရှားရာတွင်) (ဒေါက်တာကြည်ကြည်သန်း)

၁၈း၂၅ အင်္ဂလိပ်စကားပြောသင်ခန်းစာ (ဒေါ်နှင်းရည်)

၁၉း၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (Excellent Creation စိုင်းရာဇ်၏ မာနကြီးသူတေးစီးရီး)

၂၀း၃၀ တေးသံစုံ (မြန်မာ့အသံအဖွဲ့) –ခံစားနားဆင်မြန်မာတေးသံစဉ်
- (၁) မေ့အချစ်မြား (စန္ဒရားချစ်ဆွေ)
- (၂) အချည်မှားသောကြိုး (ဒလခင်ထွေးရီ)
- (၃) ချစ်ရသူသာထာဝစဉ် (တင်မောင်လွင်)

ပဲခူးတပ်နယ်ရှိ နယ်မြေခံတပ်ရင်းများ၏ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ချီးမြှင့် သတ်မှတ်လျာထားချက် ပြည့်မီကျော်လွန်အောင် စိုက်ပျိုးရေးမှာကြား

ရန်ကုန် ဇူလိုင် ၁၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ ပဲခူးတပ်နယ်ရှိ နယ်မြေခံတပ်ရင်းများ၏ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးချီးမြှင့်ပြီး အမှတ်တရ အထိမ်းအမှတ်အဖြစ် ခြံစည်းရိုးကြက်ဆူပင်ကို စိုက်ပျိုးပေးသည်။

စာမျက်နှာ ၇ ကော်လံ ၄ ●

ခြံစည်းရိုး ကြက်ဆူ စုပေါင်းစိုက်ပျိုးနေမှု ကြည့်ရှုအားပေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ ပဲခူးမြို့ သာယာကုန်းကျေးရွာရှိ နယ်မြေခံတပ်ရင်းများ၏ ခြံစည်းရိုး ကြက်ဆူပင်များ စုပေါင်း စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ သတ္တမနေ့ဆက် ခုနစ်ရက်အတွင်း ကျောက်စိမ်းအတွဲပေါင်း ၄၀၁၂ တွဲရောင်းချရ

ရန်ကုန် ဇူလိုင် ၁၂

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ပြပွဲဗဟိုကော်မတီအတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဗဟိုကော်မတီဝင်များ လိုက်ပါလျက် ယနေ့နံနက် ၁၀ နာရီခွဲတွင် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာခန်းမ၌ ကျင်းပလျက်ရှိသည့် ၂၀၀၇ ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ ကျောက်စိမ်းအတွဲများ ဈေးပြိုင်စနစ်ဖြင့် ရောင်းချနေမှုကိုလည်းကောင်း၊ မြန်မာကွန်ဗင်းရှင်းစင်တာဝင်းအတွင်း ခင်းကျင်းထားသော ကျောက်စိမ်းအတွဲများကို လည်းကောင်း လိုက်လံကြည့်ရှုအားပေးပြီး ပြည်တွင်းပြည်ပရတနာကုန်သည်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

စာမျက်နှာ ၁၄ ကော်လံ ၆ ■

ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်း ညီလာခံကိုယ်စားလှယ်များ ရောက်ရှိ

ရန်ကုန် ဇူလိုင် ၁၂

အမျိုးသားညီလာခံသို့ တက်ရောက်ရန် ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့မှ အမျိုးသားညီလာခံကိုယ်စားလှယ်များသည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာကြသည်။

ပို့ဆောင်ပေး

အဆိုပါ အမျိုးသားညီလာခံကိုယ်စားလှယ်များအား အမျိုးသားညီလာခံကျင်းပရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ထိန်လင်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုကြပြီး အမျိုးသားညီလာခံ ကျင်းပမည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းသို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးကြသည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံသို့ တက်ရောက်ရန် ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့မှ အမျိုးသားညီလာခံကိုယ်စားလှယ်များ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

၂၀၀၇ ခုနှစ် ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

ဇူလိုင် ၁၂ ရက် ပြိုင်ပွဲရလဒ်

ကာကွယ်ရေး	၄ - ၁	သာသနာရေး
အားကစား	၆ - ၁	လူမှု/ဝန်ထမ်း
ကျန်းမာရေး	၂ - ၀	ရှေ့နေချုပ်ရုံး

ယနေ့ကစားမည့်ပွဲစဉ်

နေ့ရက်/အချိန်	အုပ်စု	ယှဉ်ပြိုင်မည့်ဝန်ကြီးဌာနအသင်း
၁၃-၇-၂၀၀၇ နံနက် ၇း၃၀ နာရီ	(ဓ)	အလုပ်သမားနှင့် အမှတ်(၂)လျှပ်စစ် (ပေါင်းလောင်းအားကစားကွင်း)
၁၃-၇-၂၀၀၇ ညနေ ၄ နာရီ	(ဓ)	ရထားနှင့် လယ်ယာ/ဆည်မြောင်း (ပေါင်းလောင်းအားကစားကွင်း)
၁၃-၇-၂၀၀၇ ညနေ ၄ နာရီ	(င)	ပြန်ကြားရေးနှင့် စွမ်းအင် (လယ်ဝေးအားကစားကွင်း)

ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ၏ ပထမအဆင့်အုပ်စုပြိုင်ပွဲကို ဇူလိုင် ၁၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဒုတိယအဆင့် အုပ်စုပြိုင်ပွဲကို ဇူလိုင် ၁၇ ရက်မှ ၂၉ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)